ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ စနေနေ့၊ (28-2-2004) (၄၁၆၀)

ပဏ္ဍိတာနဉ္စ သေဝနာ တေံ မင်္ဂလ မုတ္တမံ။

ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Col. Le Van Thanh တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၄၆၄၀

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy **နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်** Sr. Col. Le Van Thanh **တို့အား ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Col. Le Van Thanh **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၈-၂-၂၀၀၄
(စနေနေ့)

ဒေသဆန်ဖူလုံရေးကြိုးပမ်းဆောင်ရွက် အထွက်ကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် အကောင်အထည်ဖော်လျက် ရှိသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသော ကာလဖြစ်သည်။ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးပိုလျှံထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှု ကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးစေနိုင်မည့် သီးနှံအမျိုးအစားအသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ ဈေးကွက်ဝင်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာများ အားပေးကူညီလျက် ရှိသည်။

တစ်ချိန်တည်းတွင် တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းစနစ်သစ်များ ပြသပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေး ကိရိယာများသုံးစွဲစေခြင်း၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ ပံ့ပိုးပေးခြင်းတို့ဖြင့် စိုက်ပျိုးရေးအဆင့်မြှင့်တင်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၂၂ ရက်နေ့က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအနီး ရှင်းလင်းဆောင်ရွက်ကျင်းပသည့် ဆင်းရွှေလီ အထူးအထွက်တိုး စပါးကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံး စက်ကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကောက်စိုက်ပွဲတော်နှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တာဝန်ရှိသူများအား စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ **ဒေသတာဝန်ခံများ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များသည် ဒေသဆန်ဖူလုံရေးနှင့် ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးကို ရှေးရှုသွားရမှာဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း လိုအပ်သောပံ့ပိုးမှုများဖြင့် အားပေးအထောက်အကူပြုသွားရမှာဖြစ်ကြောင်း** မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒေသခံတောင်သူလယ်သမားများ အသုံးပြုနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်အကြီး သုံးစီး၊ စပါးခြွေလှေ့စက်ငါးစီးနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် စသည့် လယ်ယာသုံးစက်ကိရိယာများကို ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဒေသဆန်ဖူလုံမှု အားနည်းသည့် ဒေသတစ်ခုဖြစ်ခဲ့သော်လည်း သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းကြိုးပမ်းမှုကြောင့် ယခုအခါ ဒေသတစ်ခုလုံး၏ ဆန်ဖူလုံမှုမှာ ၉၀ ရာခိုင်နှုန်းကျော် ရှိလာကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၁၉၈၈ ခုနှစ်က စိုက်ပျိုးမြေဧရိယာဧက ငါးသိန်းခြောက်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ ဧကကိုးသိန်းကျော်အထိ တိုးတက်စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် ကုန်းမြင့်လယ်ယာမြေဧက ၄၃၀၀ ကျော်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများသည် မြေပြန့်စိုက်ပျိုးမြေနည်းပါးသည့်ဒေသဖြစ်၍ လက်ရှိစိုက်ပျိုးမြေများကို အပြည့်အဝအသုံးချစိုက်ပျိုးနိုင်ရန် လိုအပ်သည်။ အထူးသဖြင့် သီးနှံများ သီးထပ်စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်းကောင်းသောသီးနှံများ စိုက်ပျိုးရေးတို့အတွက် အားသွန်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ဒေသဆန်ဖူလုံရုံမျှမက ပိုလျှံစွာထွက်ရှိရေး ရှေးရှုပြီး ဒေသရေ၊ မြေ၊ သဘာဝရာသီဥတုနှင့်သင့်လျော်ပြီး အထွက်နှုန်းကောင်းသော စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ကြိုဆိုသောအားဖြင့် ပြည်တွင်း ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား အလှူရှင် ကိုရီးယားသမ္မတနိုင်ငံရှိ SOS Daehan Motors Co.,Ltd က Hyundai Starex Ambulance (9 seater) 2000 Model မော်တော်ကား တစ်စီး ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပသည်။

အခမ်းအနားသို့မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံရှိ SOS Daehan Motors Co., Ltd. က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်တွင်အသုံးပြုရန်အတွက် Hyundai Starex Ambulance (9 Seater) 2000 Model မော်တော်ယာဉ်တစ်စီးနှင့် လူမှုထူးချွန် (ပထမဆင့်) သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)က အလှူငွေကျပ် သိန်း ၃၀၊ Inlay Shoes Manufacturing Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေယံအောင်က ငွေကျပ် ၂၅ သိန်း၊ Myanmar Industrial Port Co., Ltd. မှ ဦးကိုကိုထူး-ဒေါ်စန္ဒာအောင်တို့က ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အဖွဲ့က ငွေကျပ်၁၀၀၃၅၀၀၊ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်နိုင် (ရွှေနန်းတော် စိန်ရွှေရတနာဆိုင်)က ငွေကျပ် ၁၀သိန်း၊ ဦးတင်လှ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်က ငွေကျပ် ၁၀ သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ၊ သားဒေါက်တာတင်စိုးလင်း-ဒေါ်ပွင့်မာခိုင် (ရွှေပုစွန်မိသားစု)က ငွေကျပ် ၁၀သိန်း၊ Gold Uni Jewellery Co., Ltd. မှ ဦးချောင်-ဒေါ်ရွှေစင် တို့က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်သိန်း (Nibban TV Antenna)- ဒေါ်မြင့်မြင့်ဝင်း၊ ဒေါက်တာ ဝင်းစည်သူ - ဒေါက်တာ စုလှဟန်၊ ဦးလှရွှေ- ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ ဦးမြဟန်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စံပါယ်ကြည် (Fortune International Co., Ltd.)၊ ဆရာကြီးဦးလှမြင့် (ကေသီပန်ဆေးတိုက်)တို့က ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (ကြက်လျှာစွန်းဒံပေါက်)၊ သီရိသုဓမ္မမဏိဇောတဓရ KN ဦးတင်ဝင်း-ဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်းစီကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြား ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ ဦးကျော်အောင်-ဒေါ်ရင်ဟွမ် (Benhur Co., Ltd.)၊ ဦးအုန်းဆိုင်-ဒေါ်မြင့်မြင့်စိန် (New Golden Gate Co., Ltd.)၊ ဦးသိန်းဟံ-ဒေါ်သီသီ (Myanmar Pipe & Accessories Co., Ltd.)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသကင်္န်းတိုက်)တို့က ငွေကျပ်နှစ်သိန်းစီနှင့် ဦးမျိုးအောင်- ဒေါ်ခင်ရည်မွန် (Sun Myanmar International Impex Co., Ltd.)၊ ဦးမင်းသိန်းထွဋ်-ဒေါ်မြသောင်းဆေ (PM Co.,)၊ ဦးခင်မောင်ထွန်း၊ သား ကိုထက်လင်း (ထက်လင်းဆေးတိုက်)တို့က ငွေကျပ်တစ်သိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က အသီးသီးလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၆၄၀၃၅၀၀ နှင့် မော်တော်ယာဉ်တစ်စီး ဖြစ်သည်။ (သတင်းစဉ်)

အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အထက(၃)ဗိုလ်တထောင် (ယခင်)ရေကျော်မက်သဒစ်ကျောင်း သက်တမ်းနှစ် (၁၀၀) ပြည့်မည်ဖြစ်ရာ ကျောင်းနေဖက်များက ဆရာ၊ ဆရာမများအားနှစ် (၁၀၀) ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဒေါ်ခင်ခင်စိန် ဖုန်း-၀၁-၅၂၆၂၈၁၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၀၁-၅၇၂၃၅၂၊ ဦးကျော်ဝင်း ဖုန်း-၀၁-၅၇၉၃၁၉နှင့် ဦးမောင်မောင်ဇော်ဝင်း ဖုန်း-၀၁-၅၇၁၁၃၄ တို့သို့ ဆက်သွယ်ကြရန်နှိုးဆော်ထားသည်။ (သတင်းစဉ်)

ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၄ ခုနှစ်အတွက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူသည့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တ ရဋ္ဌသာရအား ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်လျက် ဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းဂုဏ်ပြုပူဇော်ပွဲကို မတ် ၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၂၈၅၃၇၂ နှင့် ၂၄၆၇၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



ကျောက်တန်းမြို့နယ် ရွှေမှော်ဝန်းသာသနာ့ဗိမာန်တော်ကြီးတွင် ဗုဒ္ဓဘာသာကလျာဏယုဝ (YMBA) အသင်းမှ (၅၄)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုရသူများအား မင်္ဂလာဆုနှင်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ပြုလုပ်ရာ ဒုတိယအဆင့်မြို့နယ် ပထမဆုရ မသဇင်သက်စုတင်အား မြို့နယ်သာသနာရေးမှူး ဦးအောင်စိုးက ဆုချီးမြှင့်စဉ်။

(၂၃)

တားမြစ်ထားသော လက်နက်များ အီရတ်တွင်ရှိသည်ဆိုမှု အခြေအမြစ်မရှိသည့် စွပ်စွဲချက်ဟု ဝေဖန်

အီရတ်မြင်ကွင်း

အမေရိကန်နိုင်ငံသည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ အီရတ်နိုင်ငံတွင်ရှိကြောင်း အထောက်အထား အခိုင်အမာမရှိဘဲ ယင်းနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ဝေဖန်မှုများ ပြန်လည်ပေါ်ထွက်လာသည်။ အီရတ်စစ်ပွဲ မတိုင်မီကာလက အီရတ်နိုင်ငံတွင် တားမြစ်ထားသော လက်နက်များရှိသည်ဆိုသော အမေရိကန်အစိုးရ၏ စွပ်စွဲချက်မှာ အခြေအမြစ် မရှိသည့်အပြင် အီရတ်နိုင်ငံ၏ လက်နက်စွမ်းပကား အခြေအနေကို မှန်ကန်စွာ အမိပ္ပာယ် ကောက်ယူနိုင်ခြင်းမရှိဟုလည်း ဝေဖန်ပြောဆိုခဲ့သည်။

စောင့်ကြပ်

ဖေဖော်ဝါရီ၂၅ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင်များက စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၂၅ရက်က မြို့တော်ဘဂ္ဂဒက် မြို့လယ်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝေဟင်မှ ရှာဖွေ

ဖေဖော်ဝါရီ၂၅ရက်က အီရတ်နိုင်ငံ ဟာဒီသာမြို့အနီးတွင် အမေရိကန်ကြည်းတပ်မှ ကီအိုဝါ အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် ရဟတ်ယာဉ်တစ်စင်းဖြင့် ဝေဟင်မှ ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၂၅ရက်က မြို့တော်ဘဂ္ဂဒက်ရှိ ရပ်ကွက်တစ်ခုတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် သံချပ်ကာကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၂၅ရက်က တပ်လဲလှယ်ပြီးနောက် အီရတ်နိုင်ငံမှ တူရကီနိုင်ငံရှိ စစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၂၅ရက်က အီရတ်နိုင်ငံ ဟာဒီသာမြို့အနီးတွင် အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် ယင်းမြို့အနီးရှိ ယူဖရေးတီးမြစ် ကမ်းနားတစ်လျှောက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မကြာသေးမီက မြို့တော်ဘဂ္ဂဒက်တွင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၃ ရက်က အီရတ်နိုင်ငံစစ်ဆေးရေးဂိတ်တစ်ခုတွင် အီရတ်နိုင်ငံသားများအား စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလလုပ်ငန်းများ လုပ်ဆောင်နိုင်မည့်အခြေအနေ သုံးသပ်ရန် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အီရတ်နိုင်ငံသို့ရောက်ရှိ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၆

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ရော့စ်မောင်တိန်သည် ယခုသီတင်းပတ်ကုန်ပိုင်း၌ အဘူဒါဘီမြို့တွင် ကျင်းပမည့် အလှူရှင်နိုင်ငံများ၏ အစည်းအဝေးမတိုင်မီ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးမှု လိုအပ်ချက်များကို အကဲဖြတ်သုံးသပ်ရန် ဘဂ္ဂဒက်သို့ အလည်အပတ်ရောက်ရှိလာကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

မောင်တိန်သည် အီရတ်နိုင်ငံ၌ ရှိစဉ် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များ၊ အီရတ်ဝန်ကြီးများ၊ အီရတ်ရှိ ကုလသမဂ္ဂအမှုထမ်းများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဇာရီနစ်က ဂျော်ဒန်နိုင်ငံမှနေ၍ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုသည်။

အီရတ်နိုင်ငံရှိ လူသားချင်းစာနာထောက်ထားရေးကိစ္စများအားအကဲခတ်သုံးသပ်ရန်နှင့် ကုလသမဂ္ဂအမှုထမ်းများ အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးရန် မောင်တိန်သည် အီရတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မောင်တိန်သည် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလို သေဆုံးခဲ့ပြီးနောက် အဆိုပါရာထူးကို တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ ဒီမဲလိုသည် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ ရုံးချုပ်တွင် လွန်ခဲ့သည့် အောက်တိုဘာလ၌ အသေခံကားဗုံး ပေါက်ကွဲမှုကြောင့် အခြားကုလသမဂ္ဂ ဝန်ထမ်း ၂၁ဦးနှင့်အတူ သေဆုံးခဲ့သည်။

ယင်းတိုက်ခိုက်ခံရမှုနှင့် ကုလသမဂ္ဂ ရုံးချုပ်အား ဒုတိယအကြိမ်မြောက် ကားဗုံးပေါက်ကွဲပြီးနောက် လွန်ခဲ့သည့် နှစ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် နိုင်ငံတကာဝန်ထမ်းများကို အီရတ်နိုင်ငံမှ ရုပ်သိမ်းခဲ့သည်။ အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ တိုးတက်မှသာလျှင် နိုင်ငံတကာအမှုထမ်းများသည် အီရတ်၌ အမြဲတမ်း ရှိမည်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရေးဖြစ်နိုင်၊ မဖြစ်နိုင်ကိုလေ့လာသုံးသပ်ရန် အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဘရာဟီမီ ဦးဆောင်သည့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အဖွဲ့သည် အီရတ်နိုင်ငံသို့သွားရောက် လေ့လာခဲ့သည်။ ***အင်တာနက်။***

ရမ်းစဖဲလ်၏ စွပ်စွဲပြောဆိုချက်ကို အံ့အားသင့်မိကြောင်း အီရန်အရာရှိ ထုတ်ဖော်ပြောဆို

တီဟီရန် ဖေဖော်ဝါရီ ၂၆

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများကို အီရတ်နိုင်ငံအတွင်းသို့ ယင်း၏ နယ်စပ်ကိုဖြတ်၍ ဝင်ခွင့်ပေးနေသည် ဆိုခြင်းမှာမဟုတ်မမှန်ကြောင်းဖြင့်အီရန်နိုင်ငံကငြင်းဆိုလိုက်သည်။

ယင်းကဲ့သို့ အဖြစ်မှန်နှင့် ဆန့်ကျင်စွပ်စွဲနေခြင်းမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်အနေဖြင့်

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် သို့မဟုတ် အရှေ့အလယ်ပိုင်းအရေးကို နားလည်နိုင်စွမ်းမရှိကြောင်း ပြသနေခြင်းဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရေဇာအဆက်ဖီက အိုင်အာအင်န်အေသတင်းဌာနသို့ ပြောကြားလိုက်သည်။

အရေးကြီး

အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အီရန်နိုင်ငံက အမြဲအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးမှာ ဒေသကြီးတစ်ခုလုံး လုံခြုံရေးအတွက် အရေးကြီးကြောင်း ဟာမစ်ရေဇာ အဆက်ဖီက ပြောကြားသည်။

ချေမှုန်း

အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် အီရန်နိုင်ငံက မည်သည့်အုပ်စုကိုမျှ မိမိ၏နယ်ခြားကို အသုံးပြုခွင့် ပေးမည်မဟုတ်ကြောင်း၊ ဥပဒေနှင့် ဆန့်ကျင်သော မည်သည့် လုပ်ရပ်ကိုမဆိုတိုက်ဖျက် ချေမှုန်းသွားမည် ဖြစ်ကြောင်း ၎င်းက အင်္ဂါနေ့က ထည့်သွင်းပြောကြားလိုက်သည်။

အံ့ဩဖွယ်ကောင်း

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် အီရတ် သို့မဟုတ် ဒေသတစ်ခုလုံး၏ သဘောသဘာဝကို နားလည်နိုင်စွမ်းမရှိသည်မှာ အံ့ဩဖွယ်ကောင်းကြောင်းဖြင့်လည်း ၎င်းက ဝေဖန်ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သူ အီရတ်သုံးဦးသေဆုံး

မိုဆူးလ် ဖေဖော်ဝါရီ ၂၆

အမေရိကန်တပ်ဖွဲ့အတွက်ဆောင်ရွက်ပေးနေသော အီရတ်အရပ်သားများသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးနေကြသည်။ အီရတ်ကို သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့နှင့် ပူပေါင်းလုပ်ကိုင်သူများအား တိုက်ခိုက်မှုတွင်ခုခံတိုက်ခိုက်ရေးသမားများက မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ အခင်းဖြစ်ပွားမှုကြောင့် အီရတ်နိုင်ငံသားဘာသာပြန်နှစ်ဦးနှင့် အတတ်ပညာရှင်တစ်ဦးတို့ တနင်္လာနေ့က သေဆုံးခဲ့သည်။ ၎င်းတို့သည် မိုဆူးလ်လေဆိပ်သို့လုပ်ငန်းဆောင်ရွက်ရန် မော်တော်ယာဉ်ဖြင့် သွားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး အဆိုပါ ယာဉ်ပေါ်တွင် လိုက်လာသူ အခြား အီရတ်လူမျိုးနှစ်ဦးလည်း ဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အီရတ်ရဲဌာန ဒုတိယအကြီးအကဲ ပစ်သတ်ခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

လက်နက်ကိုင်များက အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ရဲဌာန ဒုတိယအကြီးအကဲအား ဗုဒ္ဓဟူးနေ့က သတ်ဖြတ်လိုက်ကြပြီး အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်ပြည်သူ့စစ်များသည် အမေရိကန်တပ်ဖွဲ့ဝင်များအား အကာအကွယ်ပေးနေသူများဖြစ်ကြောင်း စွပ်စွဲကာ နောက်ထပ်တိုက်ခိုက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတိပေးထားသည်။

တိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယားများအထွတ်အမြတ်ထားရာနေရာတစ်နေရာ အား ဒုံးပစ်လောင်ချာဖြင့် ညပိုင်းတွင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ယင်းပစ်ခတ်မှုကြောင့် ယင်းနေရာ၏နံရံအပြင်ဘက်တွင် အပေါက်ကြီးဖြစ်သွားသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း ၎င်းပုဂ္ဂိုလ်က ပြောကြားသည်။

သွေးထိုးပေး

ယင်းတိုက်ခိုက်ရေးသမားများက အများစုဖြစ်သည့် ရှီးယားများနှင့် ဆွန်နီတို့အတွင်း တင်းမာမှုဖြစ်ပွားရေး သွေးထိုးပေးရန်ကြိုးပမ်းကြံရွယ်နေခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းအချိန်တွင် ခုခံတိုက်ခိုက်ရေးသမားများက အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အရှိန်မြှင့်တိုက်ခိုက်လျက်ရှိကြသည်။

ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲဖြစ်သူ ဗိုလ်မှူးချုပ် ဟစ်မက်မိုဟာမက်သည် လုပ်ငန်းခွင်သို့ ဗုဒ္ဓဟူးနေ့ နံနက်က သွားရောက်ရာတွင် လက်နက်ကိုင်များက ကားစီးကာ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ရိုလ်ဇီရတ်မာမွတ်က ပြောကြားသည်။

စောစောပိုင်းကလည်း မည်သည့်အုပ်စုကမှန်းမသိရသော ခုခံတိုက်ခိုက်သူအုပ်စုက အမေရိကန်နှင့်ပူပေါင်းဆောင်ရွက်နေသည့် ကာ့ဒ်ပြည်သူ့စစ်များနှင့် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားသော လက်ကမ်းစာစောင်များကို ကယ်ကွတ်မြို့ မြောက်ဖျားရှိ ရဲဌာနများအား ဝေငှလျက်ရှိသည်။ ***အင်တာနက်။***

အမေရိကန် စစ်ဘက်ရဟတ်ယာဉ် အီရတ်၌ ပျက်ကျ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံအလယ်ပိုင်းတွင် အမေရိကန်စစ်ဘက်မှ ကီအိုဝါရဟတ်ယာဉ် တစ်စင်းပျက်ကျသွားရာ ရဟတ်ယာဉ်ပေါ်လိုက်ပါသည့် ဝန်ထမ်းနှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် အမှတ်(၈) အမေရိကန်လေကြောင်းချီတပ်မ ဒေသတွင် ပျက်ကျခြင်းဖြစ်ကြောင်း၊ ဘဂ္ဂဒက်မြို့တော် အနောက်မြောက် ကီလိုမီတာ ၂၀အကွာရှိ ဟာဒီသာမြို့အနီး အမေရိကန်အပေါင်းပါ တပ်ဖွဲ့၏ ရဟတ်ယာဉ်ပျက်ကျသည့် အချိန်အတိအကျကို မိမိတို့ မသိရှိကြကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်စစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်းသည် ဟာဒီသာမြို့တွင် ဗုဒ္ဓဟူးနေ့က ပျက်ကျကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်သည် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သို့တည်းမဟုတ် မှားယွင်းမှု တစ်ခုခုကြောင့် ပျက်ကျခြင်း ဟုတ်၊ မဟုတ်ဆိုသည့်ကိစ္စမှာ ယခုတိုင် မရေမရာဖြစ်လျက်ရှိသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ၂၄ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့ လူနေရပ်ကွက်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒေါ်လာလေးဘီလျံတန်ဖိုးရှိ စီမံကိန်းများအတွက် ငွေကြေးကူညီရေး အဘူဒါဘီ၌ကျင်းပမည့် နိုင်ငံတကာညီလာခံတွင် အီရတ်တောင်းခံမည်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အမေရိကန်ပြည်ထောင်စု မပါဝင်သည့် အခြားနိုင်ငံများမှ အကူအညီများရရှိရန် နိုင်ငံတကာ ညီလာခံသို့ အမေရိကန်ဒေါ်လာ လေးဘီလျံတန်ဖိုးရှိ စီမံကိန်းများအတွက် ငွေကြေးမတည်ရေး တောင်းခံရန် အီရတ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အဘူဒါဘီမြို့တော်သို့ သောကြာနေ့က သွားရောက်ကြသည်။

ကတိပြု

နိုင်ငံတကာအသိုက်အဝန်းက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာ ၃၃ဘီလျံခန့်ပေးလှူရန် အောက်တိုဘာလအတွင်းက ကတိကဝတ်ပြုခဲ့ကြသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုမှ မပါ အခြားနိုင်ငံများမှ ပေးလှူရန် ကတိပြုထားသည့် အမေရိကန်ဒေါ်လာ ၁၅ဘီလျံကို စစ်ပွဲများအပြီး စီးပွားရေးနှင့် စားဝတ်နေမှု အဆင့်အတန်း တိုးမြှင့်ပေးမည့် စီမံကိန်းများအတွက် အသုံးပြုမည်ဖြစ်သည်။

တောင်းခံ

ဖေဖော်ဝါရီ ၂၈ရက်မှ ၂၉ရက်အထိကျင်းပမည့် ညီလာခံတွင် အီရတ်နိုင်ငံက ငွေကြေး မတည်ရေးတောင်းခံမှုတွင် အခြေခံအဆောက်အအုံစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၃သမ ၈ ဘီလျံ၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာသန်း ၇၉၀နှင့် ရေနှင့်စိုက်ပျိုးရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၆၀၂သန်းနှင့်မိုင်းရှာရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၆၂သန်း တို့ပါဝင်မည်ဖြစ်သည်။

အသုံးပြု

ယင်းစီမံကိန်းများသည် နိုင်ငံ၏ စီးပွားရေးနှင့် အနာဂတ်ရေးအတွက် အရေးပါကြောင်း အီရတ်အဖွဲ့ကိုဦးဆောင်သည့် စီမံကိန်းဝန်ကြီး အယ်လ်ဟာဖက်က ပြောကြားသည်။ ယင်းငွေကြေးများသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက် ရေးနှင့်ပတ်သက်၍ သုံးစွဲရန်ဖြစ်သော်လည်း အလုပ်အကိုင်ခန့်ထားရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာတွင်လည်း အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ မကောင်းမှုကြောင့် နှောင့်နှေးမှုများဖြစ်ခဲ့ရပြီး ယင်းစီမံကိန်းများကို ယခုနှစ်အတွင်း ပြန်လည်စတင် ဆောင်ရွက်နိုင်မည်ဟု အီရတ်နိုင်ငံက မျှော်လင့်ထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖေဖော်ဝါရီ ၂၅ရက်က ဘဂ္ဂဒက်မြို့တွင် ကျင်းပသည့် ဆန္ဒပြပွဲ၌ ပျောက်ဆုံးနေသော ဆွေမျိုးသားချင်းများ၏ ဓာတ်ပုံများကို ကိုင်ဆောင်ထားကြသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် လက်နက်စစ်ဆေးရေးမှူးဟောင်းကေး အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဝေဖန်ပြောဆို

စန်အန်တိုနီရို ဖေဖော်ဝါရီ ၂၆

အမေရိကန်သမ္မတ ဘုရှ်သည် အီရတ်စစ်ပွဲကို ဆင်နွှဲနိုင်ရန်အတွက် အချက်အလက်များကို စိတ်ကြိုက် စိစစ်ရွေးချယ်ကာ သုံးစွဲခဲ့ဖွယ် ရှိသည်ဟု ဒေးဗစ်ကေးက ပြောကြားသည်။ ၎င်းသည် အီရတ်နိုင်ငံသို့ လက်နက်များ သွားရောက် စစ်ဆေးခဲ့သည့် စစ်ဆေးရေးမှူးဟောင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ လက်နက်များနှင့် ပတ်သက်သောထောက်လှမ်းရေးသတင်းများကို ဘုရှ်အစိုးရက တလွဲအသုံးချခဲ့ကြောင်း ကေးက ထရီနီတီ တက္ကသိုလ်တွင် ပရိသတ်များကို ဟောပြောရာ၌ ထည့်သွင်း ပြောကြားသွားသည်။

စဉ်းစားမိမည်

အမေရိကန် ပြည်ထောင်စုသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အတိုက်ခိုက်ခံခဲ့ရသည့် ကိစ္စတွင် ဆက်ဒမ်ဟူစိန်နှင့် ဆက်စပ်မှုရှိကြောင်း စဉ်းစားမိပြီး ထိုအချက်ကို အသုံးချပါက နိုင်ငံရှိ ပြည်သူများကို ကောင်းစွာ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတတိုင်း စဉ်းစားမိမည်သာ ဖြစ်သည်ဟု ကေးကဆိုသည်။

သက်ဆိုင်

နိုင်ငံရေးသမားများသည် အားနည်းသော အကြောင်းပြချက်များကို ရွေးချယ်သုံးစွဲလေ့ မရှိကြကြောင်း၊ ယခုကိစ္စတွင် အကြောင်းပြချက်ကောင်းကို ရွေးချယ်ခဲ့သည်ဟူသော ကိစ္စနှင့် မသက်ဆိုင်ဘဲ အချက်အလက်များကို ရိုးသားစွာ အသုံးချခဲ့ခြင်း ရှိ၊ မရှိဟူသော ကိစ္စနှင့်သာ သက်ဆိုင်ပါသည်ဟု ကေးက ဆက်လက် ပြောကြားသည်။

ကေးက ယခုကိစ္စသည် အလွန်အရေးကြီးသော ကိစ္စဖြစ်သည့်အတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ကြောင်းကို ပြောကြားသွားသည်။ ဘုရှ် အစိုးရသည် စစ်မဖြစ်မီအချိန်က အီရတ်တွင် ဖျက်အားကြီးမားသော လက်နက်များရှိနေသည်ဟု အကြိမ်ကြိမ်စွပ်စွဲ ပြောကြားခဲ့သော်လည်း နောက်ပိုင်း လက်နက်များကို ရှာဖွေကြရာတွင် လက်နက်များကို မတွေ့ရှိခဲ့ရကြောင်း၊ စစ်မဖြစ်မီက အီရတ်နိုင်ငံ၏ လက်ဝယ် ဓာတုနှင့် ဇီဝဗေဒ လက်နက်များအပြင် နျူကလီးယားလက်နက် အစီအစဉ်များပါ ရှိနေသည်ဟု မိမိကိုယ်တိုင်က ယုံကြည်ယူဆထားခဲ့ကြောင်း ကေးက ပြောကြားသည်။ ၎င်းသည် ပြီးခဲ့သောလက လက်နက် စစ်ဆေးရေးမှူး ရာထူးမှ နုတ်ထွက်ခဲ့သည်။

ရာထူးမှနုတ်ထွက်ခဲ့ပြီး နောက်တွင် ကေးကအီရတ်၌ ဖျက်အားပြင်း လက်နက်များမရှိကြောင်း ပြောကြားခဲ့သည်။ ၎င်းက လက်နက် စစ်ဆေးခဲ့စဉ်က သိရှိရသော အချက်အလက်များ အပေါ်အခြေခံ၍ ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ဂရုစိုက်သင့်

မိမိတို့အနေဖြင့် အီရတ်တွင် လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်များ မရှိကြောင်းသိရှိခဲ့ကြပြီဖြစ်၍ အပြည်ပြည်ဆိုင်ရာ လက်နက်ဈေးကွက်၌ စက်အစိတ်အပိုင်း ကိရိယာများနှင့် နည်းပညာများကို ရောင်းချနေကြသည့်ကိစ္စများကို ဂရုစိုက်သင့်သည်ဟု ကေးက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဆန့်ကျင်ဆန္ဒပြ

ဖေဖော်ဝါရီ ၂၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များအား ဆန့်ကျင် ဆန္ဒပြကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မော်ရိုကို၌ ငလျင်လှုပ် လူ၅၆၄ဦးသေဆုံး

ရာဘတ် ဖေဖော်ဝါရီ ၂၅

မော်ရိုကိုနိုင်ငံ မြောက်ဘက်တွင် ပြင်းအား ၆ ဒသမ ၅ ရှိ မြေငလျင် လှုပ်ခဲ့ပြီးနောက် နောက်ဆက်တွဲ မြေငလျင်များ လှုပ်လာမည်ကို စိုးရိမ်ကာ လူပေါင်း ထောင်နှင့်ချီ၍ လမ်းမများပေါ်တွင် အေးမြစိုစွတ်သည့်ညကို ကုန်ဆုံးစေခဲ့ကြောင်း သိသည်။

အဆိုပါ မြေငလျင်ကြောင့် လူပေါင်း ၅၆၄ ဦး သေဆုံးခဲ့ပြီး ၃၀၀ခန့် ထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။

ကယ်ဆယ်ရေး လုပ်သားများက အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိရာ သေဆုံးသူများကို နောက်ထပ် ရှာဖွေ တွေ့လာနိုင်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အီရတ်တွင် ဖျက်အားပြင်းလက်နက်များရှိကြောင်း ယုံကြည်သူ အရေအတွက် ကန်၌လျော့ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အီရတ်တွင် ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က ဖျက်အားပြင်း လက်နက်များရှိခဲ့သည်ဟု ယုံကြည်သည့် အမေရိကန်နိုင်ငံသားဦးရေ လျော့ကျလာကြောင်း ဟားရစ်အင်တာ အက်တစ်ဗ်၏ စစ်တမ်းကောက်ယူချက်များအရ သိရှိရသည်။

၂၀၀၃ ခုနှစ်အတွင်းက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်တိုက်ခိုက်မှုတွင် အထက်ပါအချက်အား စစ်ပွဲဖြစ်ပွားရခြင်း အဓိကအကြောင်းရင်းအဖြစ် ဖော်ပြခဲ့ဖူးသည်။ ဆက်ဒမ်တွင် ဝှက်ပင်ထားသည့် လက်နက်များရှိနေသည်ဟုယုံကြည်သော အမေရိကန်နိုင်ငံသား ဦးရေသည် ဒီဇင်ဘာလလယ်တွင် ၆၁ ရာခိုင်နှုန်း ရှိနေရာမှ ယခု ၅၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

အီရတ်နိုင်ငံသည် နျူကလီးယား၊ ဓာတုနှင့် ဇီဝလက်နက်များ (ဒဗလျူအမ်ဒီ) ပိုင်ဆိုင်သည် ဟူသောအချက်ကို မယုံကြည်သည့်ဦးရေ ဒီဇင်ဘာလတွင် ၃၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခု ၄၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနေသည်။ အမေရိကန်အစိုးရအနေဖြင့် အီရတ်လက်နက်များဆိုင်ရာ သတင်းအချက်အလက်များကို ပကတိဖြစ်ရပ်မှန်ဖြင့် အစားထိုးရန်ကြိုးပမ်းနေသည်ဟု ယုံကြည်သောဦးရေ ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်း ရှိရာမှ ၅၁ ရာခိုင်နှုန်းဖြစ်လာခဲ့သည်။

အီရတ်အစိုးရအနေဖြင့် နိုင်ငံတွင်အခြေစိုက်သည့်အယ်လ်ခိုင်ဒါအုပ်စုဝင်များအား ထောက်ပံ့နေသည်ဟူသောအချက်ကို ယုံကြည်သည့်ဦးရေ ဒီဇင်ဘာတွင် ၅၃ ရာခိုင်နှုန်းရှိနေရာမှ ၄၇ ရာခိုင်နှုန်းအထိလျော့ကျသွားခဲ့သည်။ လူထုစစ်တမ်းကောက်ယူမှုများကို ဖေဖော်ဝါရီ ၉ရက်မှ ၁၆ရက်အတွင်း အရွယ်ရောက်ပြီးသူ ၁၀၂၀ ဦးအပေါ်တောင်းခံခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ***အင်တာနက်။***

ပဋ္ဌာန်းစွဲသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ဆယ်မှန်းအုပ်စု ခုံစုကျေးရွာ ခုံစုမြောက်ကျောင်းတွင် ရန်ကုန်မြို့ ဖွဲ့စုံ သာသနာ့ရာမကျောင်းတိုက်ကြီးမှ သာသနာပြုနယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစိတ္တသည် မိုးကုတ်ဆရာတော်၏ ဥပနိဿယနှင့်အညီ ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၂ ရက်အထိ ပဋ္ဌာန်းစွဲသမုပ္ပာဒ်သင်တန်းနှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ပြိုးခြင်ချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ကြည်လင်သော ဝန်းကျင်နှင့် သစ်လွင်သော မြန်မာနိုင်ငံ

ရတနာစည်ဆရာတော်(လှိုင်လင်)

ယမန်နေ့မှအဆက်

(ဃ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအချိန်အခါတွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုစသည့် အပြုသဘောဆက်ဆံရေးများကို ထူးခြားစွာ တိုးမြှင့်ပျိုးထောင်နိုင်လျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ထို့အပြင် အမြင်မကြည်လင်သည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရင်း မိမိဘက်မှ ဆောင်ရွက်ဖွယ်၊ စောင့်ထိန်းဖွယ် နိုင်ငံတကာတာဝန်နှင့် ကျင့်ဝတ်များကို ကျေပွန်စွာ ထမ်းဆောင်လျက်လည်းရှိသည့်အတွက် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာပိုင်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်လျက်ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ဤသို့ နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် တင့်တယ်ဝင့်ကြွားစွာ နိုင်နိုင်မြဲမြဲ ရပ်တည်နိုင်စေရေးအတွက် ရေရှည်အာမခံနိုင်မည့် အခြေခံကောင်းများ တည်ဆောက်နိုင်စေရန် နိုင်ငံတော် ရှေ့ဆက်ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတကာသို့တိုင် အတိအလင်း ကြေညာခဲ့ပြီးလည်းဖြစ်ကြောင်း။

မှန်ပါ၏။ ၁၉၈၈ ခုနှစ်မတိုင်မီ ကျုံလှီချည့်နဲ့ခဲ့သော မြန်မာအဖြစ်မှ ယနေ့သန်မာထွားကျိုင်းသော မြန်မာအဖြစ် ထွန်းသစ်ဝင့်ဝါလာအောင် တပ်မတော်အစိုးရသည် မတန့်မနား နေ့ညမအား ကြိုးစားနိုင်ခဲ့လေပြီ။ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်လုံခြုံအေးချမ်းရေးကို အမြော်အမြင်ရှိရှိ၊ ခန္တီမေတ္တာ ပြည့်ပြည့်ဖြင့် မဖြစ်မနေ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့ဝယ်တောကြိုအုံကြားအတွင်း သန်းခေါင်ယံအချိန်၌ ထသွားချင်လျှင်ပင် စိတ်ချလက်ချသွားနိုင်သော အနေအထား ဖြစ်တည်နေလေပြီ။ နိုင်ငံတစ်နိုင်ငံအတွက် ထပ်မံလိုအပ်ချက်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံ ကဏ္ဍစုံအဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အဖုံဖုံအမျိုးမျိုး တိုးတက်ဖြိုးလက်လာနေသော အနေအထား ဖြစ်တည်လာနေပေပြီ။

ဒီမိုကရေစီဆိုသော အပေါ်လွှာအတွက် တည်ငြိမ်အေးချမ်းလွှာနှင့် ဖွံ့ဖြိုးတိုးတက်လွှာဟူသော အောက်ထပ်နှစ်လွှာ ခိုင်မာမြဲမြံအောင် အားသန်မာန်ထားကြိုးစားတည်ဆောက်ရင်း ယနေ့သော် အပေါ်လွှာအတွက် သွက်လက်သောလှုပ်ရှားမှုများကို နိုင်ငံသားတိုင်း မြင်တွေ့နေရလေပြီ။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါပေ။

ယင်းနိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်သည်သာ အနာဂတ်သုခ၊ အနာဂတ်သောမနဿတို့ကို ထာဝရပွေ့ပိုက်ထားနိုင်မည့် တစ်ခုတည်းသော လမ်း၊ တစ်ကြောင်းတည်းသော လမ်း၊ လမ်းမြွာမရှိသော လမ်းဖြစ်သောကြောင့် ယင်းလမ်းပေါ်၌ နိုင်ငံသားအားလုံး တက်တက်ကြွကြွ လျှောက်လှမ်းရင်းပန်းတိုင်ကို ဆုပ်ကိုင်နိုင်ဖို့ မမိုတ်မသုန်ရှိနေကြရမည်။ ထို့ကြောင့် “လမ်းစဉ်(၇)ရပ်အောင်မြင်ရေး နိုင်ငံသားတို့အရေး”ဟု အမြဲကြွေးကြော်နေရမည့်အချိန်ရောက်နေလေပြီ။

အမှန်အားဖြင့် ယင်းမူဝါဒလမ်းစဉ် (၇)ရပ်ကို ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ထောက်ခံအားပေးထား၏။ အာဆီယံအသင်းကြီးကလည်း ကြိုဆိုအားပေးလျက်ရှိ၏။ ကြည်လင်သောဝန်းကျင်ရှိ နိုင်ငံများကလည်း အားရစွာ ဩဘာပေးလျက်ရှိ၏။ မြန်မာနိုင်ငံအတွင်း တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိ ပြည်သူအပေါင်းတို့ကလည်း နှစ်ထောင်းအားရစွာ ထောက်ခံပွဲကြီးများ ကျင်းပလျက် တက်တက်ကြွကြွ ထင်းထင်းထင်ထင် ကြိုဆိုခဲ့ပြီးဖြစ်၏။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်ခြေရင်း အားကစားကွင်းကြီးထဲ၌ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသူ တိုင်းရင်းသားပေါင်းစုံစုစည်းလျက် တစ်ခဲနက်ထောက်ခံပွဲကြီးကိုလည်း ကျင်းပခဲ့ကြပြီးဖြစ်၏။ ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံတို့ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ရှေ့မှောက်၌ ဝမ်းမြောက်စွာ ထောက်ခံလျက်ရှိကြ၏။ နိုင်ငံတော်အစိုးရကလည်း မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရန်လိုအပ်သည့် ကော်မတီအရပ်ရပ်ဖွဲ့စည်းကာ လိုအပ်သလို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ၏။ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ။

ဤခရီး၌ အရေးအကြီးဆုံးသော အချက်တစ်ရပ်မှာ ရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ထွန်းကားပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို အထိခိုက်မခံနိုင်ခြင်း၊ အပျက်စီးမခံနိုင်ခြင်း၊ အဆုံးရှုံးမခံနိုင်ခြင်းဖြစ်၏။ တစ်နည်းပြောရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ကို ဘယ်အရာနှင့်မျှ အလဲအလှယ်မလုပ်နိုင်ခြင်း၊ အစားမထိုးနိုင်ခြင်းဖြစ်၏။ အဘယ်ကြောင့်နည်း။ ယင်းတိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ “နိုင်ငံရေး သမာဓိတရား”ဖြစ်သောကြောင့်တည်း။

ဤတွင် အမြဲမှန်လမ်းစဉ်တစ်ခုဖြစ်သည့် ဝိပဿနာလမ်းစဉ်နှင့် နှိုင်းယှဉ်ချိန်ထိုး ရှုမြင်အပ်၏။ ဝိပဿနာတရား ပွားများအားထုတ်သော ယောဂီ၏ ဝိပဿနာခရီး၌ သမာဓိတရားသည် အရေးကြီး၏။ သမာဓိကို ဘာနှင့်မျှ အလဲအလှယ်လုပ်မရ။ အဆုံးစွန်ပြောရလျှင် ဝိပဿနာလမ်းစဉ်၌ သမာဓိပျက်မည်စိုးသောကြောင့် ဘုရားရှိခိုးခြင်းကိုပင် ခွင့်မပြုကြောင်း ယောဂီတိုင်းသိရှိကြ၏။ “ဘုရားရှိခိုးတာလည်း ကုသိုလ်ပဲ”ဟု အစွဲကြီးကြီးဖြင့် ဘုရားရှိခိုးနေလျှင် ယောဂီအတွက် သမာဓိပျက်သောကြောင့် ဉာဏ်စဉ်မတက်နိုင်တော့သည်မှာ ဝိပဿနာ အားထုတ်ဖူးသူတိုင်း ကိုယ်တွေ့ဖြစ်၏။ ဉာဏ်စဉ်မတက်လျှင် (သို့မဟုတ်) ရှေ့တစ်ဆင့်အတွက် ထစ်နေလျှင် လိုရာခရီး မရောက်နိုင်တော့ရကား လောကီဉာဏ်အမြင့်ဆုံးဖြစ်သည့် သင်္ခါရုပေက္ခာ ဉာဏ်စခန်းသို့ လုံးဝမလှမ်းနိုင်တော့ချေ။ သို့ဖြစ်လျှင် ယောဂီမျှော်မှန်းသည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော လောကုတ္တရာ ဉာဏ်စခန်းကား ဝေးမှဝေးလျက် ဝါးဝါးမျှ မထင်နိုင်တော့ချေ။ ဒုံရင်းဒုံရင်းဖြစ်လေတော့၏။ ယင်းသည် သမာဓိပျက်ခြင်း၏ အကျိုးဆက်ပေတည်း။

ဝိပဿနာလမ်းစဉ်၌ သမာဓိတရားအပျက်မခံဘဲ အမြဲတည်နေအောင် သတိတရားဖြင့် တရစပ် ပံ့ပိုးပေးထားရ၏။ သတိတစ်ချက်လွတ်သွားသည်နှင့် တစ်ပြိုက်နက် သမာဓိပျက်ကာ လိုရာစခန်း အလှမ်းဝေးသွားသောကြောင့် သတိမလွတ်ရအောင် သတိကို သီလဖြင့် ချုပ်စပ်ထားရလေ၏။ ထို့ကြောင့် သီလ၊ သတိ၊ သမာဓိသည် ဝိပဿနာလမ်းစဉ်၏ လက်တွေ့ကျင့်စဉ်ဖြစ်တော့သည်။ ယင်းလက်တွေ့ကျင့်စဉ်သည်ပင် လမ်းခွဲလမ်းမြွာမရှိသည့် တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်တော့၏။ ဝိပဿနာစကားနှင့် ပြောရလျှင် “ဧကာယနော မဂ္ဂေါ”ပေတည်း။

ယခု နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည်လည်း ထိုသဖွယ်ဖြစ်ဘိ၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့သည် နိုင်ငံရေးသမာဓိတရား စစ်စစ်ဖြစ်၏။ ယင်းနိုင်ငံရေးသမာဓိတရားမြဲမြဲနေအောင် နိုင်ငံရေးသတိဖြစ်သည့် အမျိုးသားရေးသတိဖြင့် တရစပ် ပံ့ပိုးနေအပ်၏။ တစ်ဖန် ယင်းနိုင်ငံရေးသတိ လွတ်ထွက်မသွားစေရန် နိုင်ငံရေးသီလဖြင့် ချုပ်စပ်ထားအပ်ကြပြန်ပါသည်။

နိုင်ငံရေးသီလဟူသည် အဘယ်နည်း။

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ မပြိုကွဲအောင်ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်ရေးသည် နိုင်ငံရေး ပထမသီလသိက္ခာပုဒ်ဖြစ်၏။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်ရေးသည် နိုင်ငံရေး ဒုတိယသီလသိက္ခာပုဒ်ဖြစ်၏။

၃။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်ရေးသည် နိုင်ငံရေး တတိယသီလသိက္ခာပုဒ်ဖြစ်၏။

ယင်းနိုင်ငံရေး သီလသိက္ခာပုဒ်သုံးပါးကို နိုင်ငံသားတိုင်း၊ ပြည်ထောင်စုသားတိုင်း ခါးဝတ်ပုဆိုးသဖွယ် မြဲမြဲမြံမြံ ဝတ်ဆင်ဆောက်တည်အပ်ကြ၏။ ယင်းနိုင်ငံရေး သီလသိက္ခာပုဒ်သုံးပါးကို အခြေခံပြုနိုင်မှသာ နိုင်ငံရေးသတိနိုးကြားပြီး နိုင်ငံရေးသမာဓိတိုးပွားကာ လိုရာပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့် ဒီမိုကရေစီနိုင်ငံတော်သို့ အရောက်လှမ်းနိုင်ကြပါမည်။

ဤတွင် ယခုဆက်လက်ဖော်ညွှန်းမည့် ဝိပဿနာလမ်းစဉ် သဘောတရားတစ်ခု ပေါ်လွင်လာပြန်၏။ အခြားမဟုတ်ပါ။ ဝိပဿနာအားထုတ်သော ယောဂီအတွက် ဦးဆောင်ညွှန်ပြပေးနိုင်သော ဆရာသမားကောင်း လိုအပ်ခြင်းဖြစ်၏။ ယောဂီသည် ဆရာမရှိဘဲ မိမိကိုယ်မိမိဆရာကြီးလုပ်ကာ တရားအားထုတ်၍ မရချေ။ မိမိ ဘယ်လောက်တတ်တတ်၊ ဘယ်လောက်တော်တော် ဝိပဿနာလမ်းစဉ်၌ ဆရာမရှိ၍ မရချေ။ ဆရာသမားကောင်း၏ ညွှန်ကြားပြသမှု၊ စောင့်ရှောက်အားပေးမှုကို မလွဲမသွေခံယူနိုင်မှသာ လိုရာခရီးရောက်၏။ ယောဂီတိုင်းအသိ။

ထိုသဖွယ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် စပ်လျဉ်း၍လည်း ဦးဆောင်မှုပေးနိုင်သော ဆရာကောင်းသဖွယ်ဖြစ်သည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကိုခံယူရန် အမှန်ဧကန်လိုအပ်၏။ ဦးဆောင်မှုကို မခံယူဘဲ ထင်ရာစိုင်းလျှင် ဆင်ကန်းတောတိုးသာ ဖြစ်ပေလိမ့်မည်။

ထို့မှတစ်ပါး ဝိပဿနာလမ်းစဉ်၌ ဆရာတစ်ဦးကို အခြားဆရာတစ်ဦးက ဆရာကြီးလာမလုပ်ဖို့၊ ဝင်မစွက်ဖို့၊ ခြေမရှုပ်ဖို့ အထူးလိုအပ်ပြန်၏။ ဥပမာ- မဟာစည်ရိပ်သာရပ်ဝန်း၌ တရားအားထုတ်နေသော ယောဂီအား မိုးကုတ်ရိပ်သာရပ်ဝန်းမှ ကမ္မဋ္ဌာနာစရိယ(တရားပြဆရာ)က လာရောက်စွက်ဖက်ဖို့ မလိုအပ်သလို မိုးကုတ်ရိပ်သာရပ်ဝန်း၌ တရားအားထုတ်နေသော ယောဂီအား မဟာစည်ရိပ်သာရပ်ဝန်းက ဝင်ရောက်စွက်ဖက်ဖို့ မလိုအပ်ပါ။ ဝင်ရောက်စွက်ဖက်သော ဖြစ်စဉ်မျိုးလည်းမရှိပါ။ ဆရာသမားကောင်းတို့ စောင့်ထိန်းအပ်သော စည်းကို အသီးသီး သိပြီး၊ မြင်ပြီး၊ စောင့်ထိန်းပြီးသာ ဖြစ်ကြပါသည်။

ထိုသဖွယ် မြန်မာနိုင်ငံ၊ မြန်မာရပ်ဝန်း၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရည်မှန်းချက်ထားလျက် မူဝါဒ(၇)ရပ်ဖြင့် အဆင့်ဆင့်လျှောက်လှမ်းရာ၌ အခြားနိုင်ငံ၊ အခြားရပ်ဝန်းတစ်ခုခုက ဆရာကြီးလာမလုပ်ဖို့၊ ဝင်မစွက်ဖို့၊ ခြေမရှုပ်ဖို့၊ ဖိအားတွေ မပေးဖို့ အထူးလိုအပ်၏။

အခြားနိုင်ငံ၊ အခြားရပ်ဝန်း၊ အခြားဆရာကြီးသည် သူ့နည်းစနစ်မှ သူ့နည်းစနစ်၊ သူ့နည်းစနစ်မှ ဒီမိုကရေစီစစ်စစ်ဟု ထင်နေပါမူကား ယင်းအထင်ကိုယ်၌က အတ္တဝါဒဥပါဒါန်ဖြစ်သောကြောင့် ယင်းဒီမိုကရေစီသည် ဆန္ဒစွဲ ဒီမိုကရေစီသာဖြစ်လိမ့်မည်။ တစ်နည်းပြောရလျှင် ဆန္ဒာဂတိ ဒီမိုကရေစီသာ ဖြစ်လိမ့်မည်။ ယင်းသို့သော နိုင်ငံခြားဖြစ် ဆန္ဒာဂတိဒီမိုကရေစီသည် ယနေ့မြန်မာနိုင်ငံ လျှောက်လှမ်းနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်တော့ ကွဲပြားကောင်း ကွဲပြားနိုင်ပြီး ခြားနားကောင်း ခြားနားနိုင်လေသည်။ အရေးအကြီးဆုံးသော်မှုကား ထိုဆရာကြီးတို့သည် ဆန္ဒာဂတိဒီမိုကရေစီကို မိတ္တူဆွဲကူးကာ ဤရပ်ဝန်းသို့ ဝင်ရောက်ဖတ်မပြကြဖို့ဘဲ ဖြစ်လေ၏။

တစ်ဖန် ဝိပဿနာလမ်းစဉ်၌ တရားအားထုတ်သူယောဂီအား ပတ်ဝန်းကျင်တစ်ခုလုံးက အားပေးဖို့၊ စောင့်ရှောက်ဖို့လိုအပ်ပုံ ထင်ရှားလျက်ရှိ၏။ ယောဂီအတွက်ပစ္စည်းလေးပါး(စား၊ ဝတ်၊ နေရေးနှင့် ကျန်းမာရေး)ပြည့်စုံ၍ စိတ်အေးချမ်းစွာ တရားအားထုတ်နိုင်အောင် ပတ်ဝန်းကျင်က အားပေးဖို့လိုအပ်၏။

ထိုသဖွယ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ကာ အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးအတွက် ပတ်ဝန်းကျင်၏ အားပေးမှုများ၊ ကူညီမှုများ၊ ထောက်ခံမှုများလိုအပ်၏။ ပတ်ဝန်းကျင်အနေဖြင့် ယင်းအချက်ကိုသာ ထက်မြက်စွာ အထူးအာရုံစိုက်သင့်၏။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဤသို့ပြောကြားထားပြီ။

“နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး ဆင့်ကဲဆင့်ကဲ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် တစ်မျိုးသားလုံး၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ အားပေးထောက်ခံ ကူညီမှုများသည် မရှိမဖြစ် အဓိကလိုအပ်ချက်များပင်ဖြစ်ကြောင်း။”

ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် မြင်လိုပါသည်ဆိုသော ထိုထိုရပ်ဝန်းတို့သည် စိတ်ရင်းကောင်း၊ စေတနာမှန်ဖြင့်သာ အားပေးထောက်ခံ ကူညီသင့်ကြပါ၏။ အကယ်၍ ကူညီဖို့ထက် နှောင့်ယှက်ဖို့သာ ဇောသန်မာန်ထားနေကြပါမူကား-

“နှောင့်နှေးကြန့်ကြာအောင်၊ လုပ်ငန်းစဉ်တစ်ခုခု ပျက်ပြားအောင် နှောင့်ယှက်ဟန့်တားကြသည်နှင့်အမျှ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆိုသည့်ပန်းတိုင်မှာ နီးလျက်နှင့် ဝေးနေဦးမှာဖြစ်ကြောင်း။”

ယင်းသတိပေးသံကို အနိုင်နိုင်ငံကြားအောင် ပြတ်သားစွာနှင့် ပွင့်လင်းစွာ ဖွင့်ဟလိုက်ခြင်းဖြစ်၏။ တစ်မျိုးသားလုံး၏ အနာဂတ်ပုံဒြပ်အဖြစ် ထုဆစ်ဆဲ အရေးကြီးကာလမျိုး၌ တွန်း၊ ထိုး၊ ဖျက်၊ နှောင့်နေခြင်းကြောင့် ရုပ်သွင်ပီပီ ပေါ်မလာဘဲ တန့်နေ၊ တစ်နေ၊ ထစ်နေပါမူကား တရားခံသည် ထိုနှောင့်ယှက်သူတို့သာတည်း။

(င)

* ဝိပဿနာလမ်းစဉ်၌ သီလ၊ သတိ၊ သမာဓိကျင့်စဉ်ရှိသကဲ့သို့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်၌ နိုင်ငံရေးသီလ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသမာဓိ ရှိနေပါ၏။
* ဝိပဿနာလမ်းစဉ်၌ ဆရာကောင်းရှိဖို့ လိုအပ်သကဲ့သို့ နိုင်ငံတော်ရှေ့ခရီး၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အမှန်လိုအပ်ပါ၏။
* ဝိပဿနာလမ်းစဉ်၌ ဤရပ်ဝန်း၊ ဤရိပ်သာ၊ ဤဆရာကို ထိုရပ်ဝန်း၊ ထိုရိပ်သာ၊ ထိုဆရာက ဝင်ရောက်ဆရာကြီးလုပ်ဖို့ လုံးဝမလိုအပ်သကဲ့သို့ ဤရပ်ဝန်း၊ ဤနိုင်ငံ၊ ဤအစိုးရကို ထိုရပ်ဝန်း၊ ထိုနိုင်ငံ၊ ထိုအစိုးရက ဝင်ရောက်စွက်ဖက်ကာ ဆရာကြီးလာလုပ်ရန် လုံးဝမလိုအပ်ပါ။
* ဝိပဿနာလမ်းစဉ်၌ တရားအားထုတ်သူ ယောဂီအား ပတ်ဝန်းကျင်က အားပေးကူညီရန် လိုအပ်သကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်အောင်မြင်ရေး အားပေးကူညီရန် လိုအပ်ပါသည်။

(စ)

“နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ်သတ်မှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးအတွက် ပဓာနလုပ်ငန်းဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရေးကို ရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ကြရန် အထူးလိုအပ်ပါသည်။

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီး ဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။

တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။”

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ ကောက်နုတ်ချက်။

(ဆ)

နီတျာတျာ အရဏ်အကျင်းဝယ် သာရကာကျေးမင်းတို့၏ အလင်းကြိုတွန်ကျူးသံတို့က သတ္တလောကကို နိုးထစေ၏။

ရောင်နီပျိုးပစ္စုပ္ပန်၏ အနာဂတ်အလင်းဝန်းသည် တင့်ထွန်းတောက်ပစွာ ဖြန့်ကြက်ရန် အသင့်ဖြစ်နေ၏။

ကြည်လင်သောဝန်းကျင်နှင့် သစ်လွင်သော မြန်မာနိုင်ငံကား ရှေ့ခရီးအတွက် နံနက်ဦးလေပြည်သန့်ကို လက်ဆန့်ရှူရှိုက်နေသတည်း။ ။

နည်းလမ်းကောင်းများရှာကြံ၊အားသစ်ဉာဏ်သစ်လောင်း မြတ်ဗုဒ္ဓသာသနာတော်ကြီး ဆတက်ထမ်းပိုးတိုးကာ စည်ပင်ပြန့်ပွား ထွန်းကားအောင် ရှက်ဆောင်အားထုတ်

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ယခု ကျင်းပအပ်သော ဒသမအစည်းအဝေးသည် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သက်တမ်းပြည့် နောက်ဆုံးအစည်းအဝေးဖြစ်ပါသည်။ ဤအစည်းအဝေး၌ ၂၅ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်၍ အရေးကြီးသော အစည်းအဝေးဖြစ်ပါသည်။ ဤအရေးကြီးသော အစည်းအဝေးသို့ ဆရာတော်အရှင်မြတ်တို့ စုံစုံညီညီ ကြွရောက်တော်မူကြခြင်းကြောင့် သာသနာတော်အတွက် အားတက်ကြည်နူး အထူးပင် ဝမ်းမြောက်မိပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးစအခါ မဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားက“အရှင်အာနန္ဒာ၊ အရှင်ဂေါတမက ငါဘုရား ပရိနိဗ္ဗာန်စံရာအခါ၌ ဤရဟန်းသည် သင်တို့၏ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု ထားခဲ့သော– ယခုအခါ (အရှင်ဂေါတမထားခဲ့သည့်အတိုင်း) အရှင်တို့ အသိအမှတ်ပြုကာ လိုက်နာကိုးစားနေသော ရဟန်းတစ်ပါးမျှရှိပါသလား”ဟု မေးလျှောက်ခဲ့ပါသည်။

“ပုဏ္ဏား အဲဒီလို ရဟန်းတစ်ပါးမျှမရှိပါ” ဟု အရှင်အာနန္ဒာက ဖြေတော်မူသောအခါ ဝဿကာရ ပုဏ္ဏားက “အရှင်အာနန္ဒာ ဤရဟန်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်အခါ ငါတို့၏ ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု သံဃာက သမုတ်ထားအပ်သော များစွာသော ထေရ်ကြီးရဟန်းတော်များက ရွေးချယ်တင်မြှောက်ထားအပ်သော ယခုအခါ အရှင်တို့ကလည်း အသိအမှတ်ပြုကာ လိုက်နာကိုးစားနေသော ရဟန်းတစ်ပါးမျှ ရှိပါသလားဟု” မေးလျှောက်ရာ၌လည်း “ပုဏ္ဏား အဲဒီလို ရဟန်းမျိုးလည်း မရှိပါ”ဟု ဖြေတော်မူပါသည်။

ထိုအခါ ဝဿကာရပုဏ္ဏားက “အရှင်အာနန္ဒာ ဤသို့ ကိုးကွယ်ရာမရှိပါဘဲလျက် အဘယ်အကြောင်းကြောင့် ညီညွတ်နေပါသလဲ”ဟု မေးလျှောက်ရာ “ပုဏ္ဏား၊ ငါတို့ဟာ ကိုးကွယ်ရာမရှိသူများမဟုတ်ကြ၊ ကိုးကွယ်ရာ ရှိကြသည်။ ငါတို့ဟာ တရားတော်ကို ကိုးကွယ်ကြသည်” ဟု အရှင်အာနန္ဒာက ဖြေတော်မူသည်။

ထိုအခါ ဝဿကာရ ပုဏ္ဏားက အရှင်အာနန္ဒာ၊ ရှင်ဂေါတမက အရှင်တို့ကိုးကွယ်ရာ ဖြစ်လိမ့်မည်ဟု ထားခဲ့တဲ့ ရဟန်းတစ်ပါးမျှရှိပါသလားဟု မေးသောအခါ မရှိပါဟု ဖြေပါသည်။ သံဃာက သမုတ်အပ်–များစွာသော ထေရ်ကြီးရဟန်းတို့က တင်မြှောက်ထားအပ်သော ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှ ရှိပါလားဟု မေးတဲ့အခါလည်း မရှိဟု ဖြေပါသည်။ အဲဒီလိုကိုးကွယ်ရာ မရှိပါဘဲလျက် အဘယ်အကြောင်းကြောင့် ညီညွတ်နေပါသလဲဟု မေးသောအခါ ငါတို့ဟာ ကိုးကွယ်ရာမရှိသူများမဟုတ်ကြ၊ ကိုးကွယ်ရာရှိကြသည်၊ တရားကို ကိုးကွယ်ကြသည်ဟု ဖြေပါသည်။

ဤစကား၏ အနက်အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု မေးလျှောက်ရာ “ပုဏ္ဏားမြတ် ဘုရားသည် သိက္ခာပုဒ်စည်းကမ်းကို ပညတ်ထားခဲ့ပါသည်။ ပါတိမောက်ကို ပြတော်မူခဲ့ပါသည်။ ငါတို့ဟာ ဥပုသ်နေ့တိုင်း ရွာနယ်တစ်ခုအတွင်း နေထိုင်ကြတဲ့ ရဟန်းအားလုံး တစ်ပေါင်းတည်း စည်းဝေးကြပြီးလျှင် ပါတိမောက်ကို နှုတ်တက်ရသော ရဟန်းကို ရွတ်ပြစေကြပါသည်။ ပါတိမောက်ကို ရွတ်ပြသောအခါ ရဟန်းတစ်ပါးပါးမှာ အပြစ်သင့်နေလျှင် အဲဒီရဟန်းကို ငါတို့သည် တရားအားလျော်စွာ ပြုစေကြပါသည်”ဟု ဖြေတော်မူပါသည်။

ထိုအခါ ဝဿကာရပုဏ္ဏားက “ဤသို့ပြုစေကြလျှင် အရှင်တို့က ပြုစေကြသည်မဟုတ်၊ တရားတော်က ပြုစေကြသကိုး ” ဟု လျှောက်ထားပြီးလျှင် “ အရှင်အာနန္ဒာ၊ အရှင်တို့ ရှိသေအပ်, လေးစားအပ်, မြတ်နိုးအပ်, ပူဇော်အပ်သော အရိုအသေအလေးမြတ်ပြု၍ မှီနေရမည်ဖြစ်သော ရဟန်းတစ်ပါးမျှရှိပါသလော ” ဟုမေးလျှောက်သောအခါ “ အဲဒီလိုရဟန်းတစ်ပါးမျှမရှိပါ”ဟုဖြေဆိုပါသည်။ ဝဿကာရ ပုဏ္ဏားက “အရှင်အာနန္ဒာ၊ဤရဟန်းသည် ငါကွယ်လွန်သောအခါ သင်တို့၏ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု အရှင်ဂေါတမထားခဲ့သော အရှင်တို့ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှ ရှိပါသလားဟု မေးသောအခါ “မရှိပါ”ဟု ဖြေတော်မူပါသည်။ ဤရဟန်းသည် မြတ်စွာဘုရား ကွယ်လွန်သည့်အခါ ငါတို့ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု သံဃာက သမုတ်ထားအပ်သော=များစွာသောထေရ်ကြီး ရဟန်းတို့က တင်မြှောက်ထားအပ်သော အရှင်တို့ ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှ ရှိပါသလားဟု မေးသောအခါ “မရှိပါ” ဟု ဖြေတော်မူပါသည်။ အရှင်တို့ ရှိသေအပ်, လေးစားအပ်, မြတ်နိုးအပ်၊ ပူဇော်အပ်သော အရိုအသေ အလေးအမြတ်ပြု၍ မှီနေရမည်ဖြစ်သော ရဟန်းတစ်ပါးမျှ ရှိပါသလားဟု မေးသောအခါ “မရှိပါ”ဟု ဖြေတော်မူပါသည်။ ဤစကား၏ အနက်အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု မေးလျှောက်ပြန်ပါသည်။”

ထိုအခါ အရှင်အာနန္ဒာက“ပုဏ္ဏား၊ ဤသာသနာတော်၌ ရဟန်းသည်–

(၁) သီလနှင့် ပြည့်စုံ၏၊

(၂) အကြားအမြင်များ၏၊

(၃) ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲလွယ်၏၊

(၄) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းဘဲ ရ၏။

(၅) ဣဒ္ဓိဝိဓ အဘိညာဉ်ကို ရ၏၊

(၆) ဒိဗ္ဗသောတ အဘိညာဉ်ကိုရ၏၊

(၇) ပရစိတ္တဝိဇာနန အဘိညာဉ်ကိုရ၏၊

(၈) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရ၏၊

(၉) ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရ၏၊

(၁၀) အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်ဖြစ်၏၊

ပုဏ္ဏား မြတ်စွာဘုရားသည် ဤကြည်ညိုဖွယ်ဂုဏ် ၁၀ပါးတို့ကို ဟောတော်မူခဲ့၏။ ထိုကြည်ညိုဖွယ်ဂုဏ် ၁၀ပါးတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ငါတို့သည် အရိုအသေပြုကြကုန်၏။ အလေးအမြတ်ပြုကြကုန်၏။ မြတ်နိုးကြကုန်၏။ ပူဇော်ကြကုန်၏။ အရိုအသေအလေးအမြတ်ပြု၍ မှီနေကြကုန်၏ဟု ဖြေဆိုတော်မူခဲ့ပါသည်ဘုရား။ (မ၊၃ ၅၉–၆၃)

ဆရာတော်ရှင်မြတ်တို့ဘုရား။ ဤဒေသနာတော်အရ ဘုရားတပည့်တော်တို့သည် တရားတော်သာလျှင် ကိုးကွယ်ရာ ရှိသူများဖြစ်ကြသည့် အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့သော ဓမ္မဝိနယများ, ထိုဓမ္မဝိနယနှင့်အညီ ပြဋ္ဌာန်းထားအပ်သော အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းစသည်များကို မိမိတို့၏ ကိုးကွယ်ရာ, အားထားရာ, မှီခိုရာဟု လေးနက်စွာ ခံယူကြကာ ထိုဓမ္မဝိနယများ, အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာကျင့်သုံးကြလျက် ပုဂ္ဂိုလ်အချင်းချင်း၊ ဂိုဏ်းဂဏ အချင်းချင်း မျက်မှောက်မျက်ကွယ် နှစ်ဌာနလုံး၌ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာကို ရှေးရှုထင်စေလျက် ဆန့်ကျင်ဘက်စကား ပြောကြားငြင်းခုံခြင်း, စိတ်ဝမ်းကွဲပြားခြင်း အလျင်းမရှိကြဘဲ ရေကိုသားက အကြားမထင်သလို မကွဲမပြားတစ်သားတည်း ညီညီညွတ်ညွတ်ဖြင့် ဘုရားရှင်ဟောတော်မူအပ်သော ကြည်ညိုဖွယ် ပသာဒနီယဂုဏ် ၁၀ပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ် မဟုတ်စေကာမူ ထိုပသာဒနီယဂုဏ် ၁၀ပါးတို့တွင် ထိုက်သင့်သမျှ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော သံဃပိတု သံဃပရိဏာယက သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသည့် ဆရာတော်ဘုရားကြီးများကို ရိုသေကြ, လေးစားကြ, မြတ်နိုးကြ, ပူဇော်ကြ, အရိုအသေအလေးအမြတ်ပြုကာ မှီခိုကြပြီးလျှင် ထိုသံဃပိတု သံဃပရိဏာယက သံဃာ့ဦးသျှောင်ဆရာတော်ဘုရားကြီးများ၏ နည်းလမ်းညွှန်ပြဩဝါဒကို လေးလေးစားစားဦးထိပ်ထား၍ လိုက်နာကျင့်သုံးကုန်ကြလျက် မိမိတို့အချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းကာ ယခင် အတွေ့အကြုံများကို သင်ခန်းစာယူကြ၍ နည်းလမ်းကောင်းများကို ရှာကြံပြီးလျှင် အားသစ်ဉာဏ်သစ်လောင်းကာ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းသည်ထက် သန့် ရှင်းအောင်,ယခုထက် ဆတက်ထမ်းပိုးတိုးကာ စည်ပင်ပြန့်ပွားထွန်းကားအောင် ရှက်ဆောင်အားထုတ်တော်မူကြပါဟု တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တသောဘိတ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သဘာပတိဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးစတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြသည်။

ပဌမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ၏ အစည်းအဝေးဖွင့်သာရဏီယဩဝါဒ ကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင်သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးတွင်သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။

(သတင်းစဉ်)



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဖေဖော်ဝါရီ ၂၇ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းရှေ့ဖုံး) (သတင်းစဉ်)

မဟာပါသာဏလိုဏ်ဂူတွင် ပူဇော်ခံမည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော် အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ရင်ငွေ့လှုံအပူဇော်ခံရန် ပင့်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပမည့် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကိန်းဝပ်အပူဇော်ခံမည့် ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ရင်ငွေ့လှုံ အပူဇော်ခံရန်အတွက် ယနေ့နံနက် ၁၀နာရီက ရွှေတိဂုံစေတီတော်မြတ်ကြီးမှတစ်ဆင့် မင်းဓမ္မကုန်းတော်သို့ ပင့်ဆောင်ရောက်ရှိလာသည်။

ကြိုဆို

ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မင်းဓမ္မကုန်းတော်တွင် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ တံကြားဦးသန်းလှ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပက အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များက ပင့်ဆောင်ပူဇော်ကြိုဆိုကြသည်။

ယင်းရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ငွေ့လှုံအပူဇော်ခံထားရှိစဉ်အတွင်း ဝတ်အသင်းအဖွဲ့များက ရွတ်ဆိုပူဇော်ကြပြီး ဖေဖော်ဝါရီ ၂၈ နံနက်ပိုင်းတွင် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် ပင့်သံဃာ ၁၀ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ နံနက် ၇နာရီတွင် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ပင့်ဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၇ မှ

သရက်မြို့ အောင်မင်္ဂလာ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဩဝါဒကထာ

အစီအစဉ်အရ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားဆောင်ရွက်တော်မူလျက်ရှိကြသည်ကို သိရှိရပါကြောင်း၊ "ညီညွတ်သော သံဃာတော်တို့၏အကျင့်သည် ချမ်းသာကြောင်းဖြစ်၏" ဟူသော ဗုဒ္ဓဒေသနာတော်နှင့်အညီ ဆရာတော်ကြီးများ ညီညီညွတ်ညွတ် သာသနာရေးကိစ္စများ ဆောင်ရွက်တော်မူနေကြသည်ကို ဖူးတွေ့ရပါသဖြင့် အထူးပင် ကြည်ညိုသဒ္ဓါ ပွားကြရပါကြောင်း။

လက်တွေ့ရရှိခံစား

ရှေးရှေးသော မင်းကောင်း မင်းမြတ်များနည်းတူ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်လည်း သီလ၊ သမာဓိ၊ ပညာဟူသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ခံညားထည်ဝါပြီး ကြည်ညိုဖွယ်ဆောင်သည့် သာသနိက အဆောက်အအုံများ တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ ပေါ်ထွန်းလာခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ခြင်း၊ တောင်တန်းသာသနာပြုကျောင်းများဖွင့်လှစ်နိုင်ခြင်း စသည်ဖြင့် သာသနာရေးဆိုင်ရာ အပိုင်း၏ အောင်မြင်မှု အကျိုးကျေးဇူးများကို လက်တွေ့ရရှိခံစားနေကြရပါပြီ ဖြစ်ပါကြောင်း။

ထို့ပြင် သာသနာတော် မေးမှိန်စေသည့် အဓမ္မဝါဒများကို လည်းကောင်း၊ ရဟန်းတု၊ ရဟန်းယောင်များကိုလည်းကောင်း သံဃာ့ဥပဒေဖြင့် ဖော်ထုတ်အရေးယူနိုင်ခဲ့ခြင်းတို့ကြောင့် ရဟန်းကောင်း၊ ရဟန်းမြတ်များ စိတ်အေးချမ်းသာစွာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြသည်မှာ ဝိနိစ္ဆယရေးရာအပိုင်း၏ အကျိုးအာနိသင်များပင် ဖြစ်ပါကြောင်း။

အလားတူ ပရိယတ္တိ သာသနာတော်ကြီး စည်ပင်ပြန့်ပွားပါမှ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ကြာတည်တံ့မည်ဟူသော ဦးတည်ချက်ဖြင့် အရည်အချင်းပြည့်ဝသော ပရိယတ္တိစာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များ မွေးထုတ်နိုင်ခဲ့ခြင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် မရှိသေးသော တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ၁၀ပါးအထိ ပေါ်ထွန်းလာခဲ့ခြင်း၊ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်ကြီးများ မွေးထုတ်ရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးများ ပေါ်ထွန်းလာခြင်း စသည်တို့မှာ ပညာရေးအပိုင်း၏ အောင်မြင်မှု ရလဒ်ကောင်းများပင် ဖြစ်ပါကြောင်း။

ထိပ်သီးညီလာခံ

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများတွင် အထင်အရှားဆုံး နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အနှစ်သာရဖြစ်သော လောဘ, ဒေါသ, မောဟ စသော လောင်မီးကိလေသာတို့ ငြိမ်းအေးမှု အမြိုက်အရသာကို ကမ္ဘာသူ ကမ္ဘာသားအားလုံး တန်းတူရည်တူ ခံစားနိုင်စေရန် ရည်သန်၍ ၂၀၀၄ခုနှစ်တွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက ဂျပန်ဗုဒ္ဓဘာသာအဖွဲ့နှင့် ပူးပေါင်း၍ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ လိုအပ်သည်များကို အထူးစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆရာ၊ ဒကာ လက်တွဲညီညာစွာ ဆောင်ရွက်ပါမည့် အကြောင်းနှင့် ဆရာတော်ကြီးများ သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အခမ်းအနားမှူးဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရနှင့် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဣန္ဒသီရိတို့က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော ရှမ်းပြည်နယ် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတနှင့် မန္တလေးတိုင်း မိုးကုတ်မြို့ မဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒတို့ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကဝိဓဇကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးအစီအစဉ်ကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီဒသမ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဖေဖော်ဝါရီ ၂၈ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ဆွမ်းအလှူရှင်

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအကြိုညှိနှိုင်းအစည်းအဝေး ပထမနေ့ကျင်းပသည့် ဖေဖော်ဝါရီ ၂၄ရက်တွင် အရုဏ်ဆွမ်းအလှူကို ပခုက္ကူဆရာတော် ဘဒ္ဒန္တဝိစာရအား အမှူးထား၍ ရဟန်းဒါယကာ ဦးကြိုင်နှင့် ရဟန်းဒါယိကာမ ဒေါ်ခင်ကြည်အေး မိသားစုကလည်းကောင်း၊ နေ့ဆွမ်းအလှူကို ပခုက္ကူဆရာတော် ဘဒ္ဒန္တ ဝိစာရအား အမှူးထား၍ ရဟန်းဒါယကာ ဦးကျော်လှိုင်နှင့် ရဟန်းဒါယိကာမ ဒေါ်ရီရီဝင်း မိသားစုကလည်းကောင်း၊ အကြိုညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပသည့် ဖေဖော်ဝါရီ ၂၅ရက်တွင် တစ်နေ့တာ ဆွမ်းအလှူကို ဦးအေးတင်–ဒေါ်ကြူကြူမိသားစုကလည်းကောင်း၊ အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ကျင်းပသည့် ဖေဖော်ဝါရီ ၂၆ရက်တွင် အရုဏ်ဆွမ်းအလှူကို ဒုတိယဗိုလ်မှူးကြီးအောင်သိန်း၊ ဇနီး ဒေါ်ခင်သန်းဌေး၊ သမီး ဒေါက်တာခိုင်ထူးအောင်၊ သား ဗိုလ်နိုင်ထူးအောင် မိသားစုကလည်းကောင်း၊ နေ့ဆွမ်းအလှူကို အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဝေ မိသားစု၊ ဦးတင်မိုး–ဒေါ်အေးရှင် (နိဗ္ဗုဒ္ဓ)မိသားစု၊ ဦးစိန်ဝမ်း–ဒေါ်မဥ္ဇူထွန်း မိသားစုနှင့် ဦးအောင်နိုင်ထွန်း–ဒေါ်စိုးစိုးအေး မိသားစုတို့ကလည်းကောင်း ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး ယနေ့တွင် ဒေါ်မြင့်မြင့်သိန်းနှင့် ဒေါ်ခင်ဝင်းမြင့်တို့ ညီအစ်မတစ်စုက တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကမ္ဘာအေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် မြို့နယ် သာသန ဝေယျာဝစ္စလုပ်ငန်းများအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက် ပြည်သူများ စုပေါင်းလှူဒါန်းငွေ ၃၁၅၈၈၅ ကျပ်ကို ဖေဖော်ဝါရီ ၂၇ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုသို့ မြို့နယ်ရုံးခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။ (၃၂)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ရေသန့်ဘူးများ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၁၃၆၅ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မတ် ၅ ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္မောရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်အနီးမှနေ၍ သောက်ရေသန့်ဘူးများကို တစ်နေကုန် ဒါနပြုလှူဒါန်းမည်ဖြစ်ရာ သောက်ရေသန့် အလှူဒါနပြုလိုသူများ ဖုန်း–၃၈၁၇၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

★ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေတို့ တက်ရောက်ကြသည်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် China Metallurgical Construction Group Corporation President Mr. Ma Yanliအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။
(သတင်းစဉ်)

✳ ကုန်သွယ်မှုမှ

စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)ရည်မှန်းချက်နှင့် ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်၊ အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ ကုန်သွယ်မှု ပမာဏနှင့် လိုငွေ၊ ပိုငွေအခြေအနေ၊ ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုအခြေအနေ၊ လုပ်ငန်းကဏ္ဍကြီးများအလိုက် ဆောင်ရွက်နိုင်မှု၊ ဆန်နှင့် ဆန်ထွက်ပစ္စည်း တင်ပို့ရောင်းချနိုင်မှုအခြေအနေ၊ မှတ်ပုံတင်ထားသည့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များနှင့် စီးပွားရေး အကျိုးဆောင်များအရေအတွက်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အခွန်အရပ်ရပ် တိုးမြှင့်ကောက်ခံရရှိမှု၊ ကုန်စည်ပြပွဲများ တိုးမြှင့်ပြသနိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း၊ ဤလုပ်ငန်းပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် မိမိအနေနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းပိုင်းနှင့်ဆက်စပ်ပြီး နိုင်ငံတော်၏မူဝါဒနှင့် လက်တွေ့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ရှင်းလင်းပြောကြားလိုကြောင်း။

လိုငွေကျဆင်း

ဈေးကွက်စီးပွားရေးအရ နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏကို တစ်နှစ်ထက်တစ်နှစ် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ၁၉၉၉–၂၀၀၀ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကို ပိုမိုစနစ်ကျစွာ ဆောင်ရွက်နိုင်မှုကြောင့် ပြည်ပကုန်သွယ်မှုလိုငွေမှာ နှစ်စဉ်လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပြည်တွင်း၊ ပြည်ပကုန်သွယ်ရောင်းဝယ်မှု ဖွံ့ဖြိုးရှင်သန်လာစေရေးအတွက် အခါအားလျော်စွာပြဋ္ဌာန်းထားသော မူဝါဒများ၊ ဥပဒေစည်းကမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အားပေးခြင်း၊ ပြည်ပဈေးကွက်ရရှိအောင် စူးစမ်းရှာဖွေပေးခြင်း၊ ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်နေရမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် “စီးပွားကူးသန်း ရှေ့သို့လှမ်း”ဆိုသည်ကို ချမှတ်ပြီး ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေရမှာဖြစ်ကြောင်း။

အပြန်အလှန်အကျိုးပြု

နိုင်ငံတော်၏ စီးပွားရေးဘဝတွင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့မှာ အပြန်အလှန် ဆက်စပ်အကျိုးပြုနေကြကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွေဖြစ်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုကဏ္ဍများသည် ထုတ်လုပ်မှုကြောင့် ကုန်သွယ်မှု ဖွံ့ဖြိုးကျယ်ပြန့်ရသကဲ့သို့ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် ဘက်စုံကုန်ထုတ်လုပ်မှုကလည်း တိုးတက်လာရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းသာမက ကုန်းလမ်းကြောင်းကပါ ခွင့်ပြုဆောင်ရွက်လျက်ရှိရာ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းငါးခု၊ မြန်မာ–ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်း လေးခု၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုနှင့် မြန်မာ–အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတို့ ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း အိမ်နီးချင်းနိုင်ငံများနှင့် ထပ်မံ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုပမာဏများစွာ တိုးတက်လာမှာဖြစ်မည်ဟု သုံးသပ်ပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

လက်ရှိနယ်စပ်ကုန်သွယ်မှုပမာဏကို ၂၀၀၃ခုနှစ် ဒုတိယနှင့် တတိယလေးလပတ်နှင့် ယခင် ၂၀၀၂ခုနှစ် အလားတူကာလ၏ ကုန်သွယ်မှုကို တင်ပြသည့် စာရင်းများအရ နှိုင်းယှဉ်ကြည့်ပါက ကုန်သွယ်မှု ပိုငွေများ ပြနိုင်ခဲ့သည်များကို တွေ့ရသည့်အတွက် ကျေနပ်အားရဖွယ် တွေ့ရကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ပူးတွဲကော်မတီများကို ဖွဲ့စည်းလျက် အစည်းအဝေးများ အပြန်အလှန်ကျင်းပ၍ ကုန်သွယ်မှုပမာဏ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ရေး၊ ကိုယ်စားလှယ်အဖွဲ့များ သွားရောက်ရေး၊ ကုန်စည်ပြပွဲများ ကျင်းပရေးကိစ္စရပ်များကို ဆောင်ရွက်သည်များကိုလည်း တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် WTO ၊ World Bank၊ UNCTAD၊ IMF စသည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆက်သွယ်ကာ စီးပွားရေးကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုများ ယခုထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်

ထို့ပြင် ဒေသအဖွဲ့အစည်းများဖြစ်သည့် အာဆီယံ BIMST-EC-GMS, ECS များတွင် ပါဝင်သည့်အတွက် ယင်းအဖွဲ့များ၏ သတ်မှတ်ထားသည့် စာချုပ်ပါ စည်းကမ်းများအတိုင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန်လိုကြောင်း။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်ရေးအရ အချို့သော နိုင်ငံများက မြန်မာ့ပို့ကုန်များအပေါ် အခွန်သက်သာခွင့်ပေးလျက်ရှိရာ ပို့ကုန်များအပေါ် ပုဂ္ဂလိကကဏ္ဍမှအကျိုးရရှိရေးအတွက် သတင်းထုတ်ပြန်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုဂ္ဂလိက ကဏ္ဍအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သွက်လက်မြန်ဆန်စွာ သတင်းထုတ်ပြန်ပေးရန် အထူးလိုအပ်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိကများနှင့် လက်တွဲပြီး လမ်းကြောင်းမှန်မှန်ဖြင့် ခိုင်ခိုင်မာမာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို အလေးထား မှာကြားလိုကြောင်း၊ ပို့ကုန်တိုးချဲ့ရေးလုပ်ငန်းတွင် ပုဂ္ဂလိကပိုင်းက လက်ရှိအနေအထားထက် ပိုမိုတိုးတက်ပါဝင်သော အလားအလာ အခြေအနေများရှိသည့်အတွက် ပုဂ္ဂလိကပို့ကုန် တိုးချဲ့တင်ပို့နိုင်ရန် အခွင့်အလမ်းများ ပိုမိုဖန်တီးခြင်း၊ အားပေးခြင်းများ ပြုလုပ်ကြရမှာဖြစ်ကြောင်း။

ဈေးကွက်ရှာဖွေ

ဤနေရာတွင် ပို့ကုန်အမယ်သစ်များအတွက် ဈေးကွက်များ ရှာဖွေရေး၊ ပို့ကုန်အမယ်ဟောင်းများအတွက် ဈေးကွက်ခိုင်မာရေး၊ ပို့ကုန်အလိုက် ထိုက်တန်သော ဈေးနှုန်းရရှိရေး၊ ဈေးကွက် သတင်းအချက်အလက်များ ရရှိရေး၊ ပို့ကုန်သွင်းကုန် အချိုးအစား မျှတရေး၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီရေး၊ စာချုပ်ပါ စည်းကမ်း ချက်များအတိုင်း အချိန်မီ တင်ပို့နိုင်ရေးနှင့် နိုင်ငံခြားငွေပေး၊ ငွေယူပြုလုပ်နိုင်ရေး စသည့်ကိစ္စရပ်များကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိရောက်သည့် ဦးဆောင်လမ်းညွှန်မှုများပေးရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မိမိဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များကို ထက်ထက်မြက်မြက် အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ယခု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသိအမြင်များဖလှယ်ကြပြီး ရရှိသွားမည့် အသိအမြင်များနှင့် နိုင်ငံတော် စီးပွားရေးတောင့်တင်းခိုင်မာအောင် လက်တွေ့ကြိုးပမ်းအားထုတ် ဆောင်ရွက်ပါဟု မှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးအစီအစဉ် ပထမပိုင်းကို ရပ်နားလိုက်သည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယပိုင်းကို နံနက် ၉နာရီတွင် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။
(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူး အယူခံမှုတစ်မှုကို စီရင်ချက်ချမှတ်ပြီး တရားမ အထူးအယူခံမှု ငါးမှုကို ရုံးထိုင်နာကြားကြသည်။
(သတင်းစဉ်)

❒ တက္ကသိုလ်ဝင်မှ

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးရုံးများတွင် မတ် ၄ရက် (ကြာသပတေးနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၈ ရက် (တနင်္လာနေ့)မှစ၍ ထုတ်ပေးမည်ဖြစ်ရာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခွဲနှင့် တွဲဖက် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၂–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၅ ၇။ ဂမုန်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၅၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း–၁၉)**
၂:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၁၅ ၈။ **အခမဲ့ကူလီထမ်းခြင်းအကျိုး (ဇော်ဦး၊ သျှားညို၊ ခင်စိုးပိုင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ–အောင်မြင့်မြတ်)**
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ အကပဒေသာ
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သချာင်္၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ (သချာင်္)
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၅ ၇။ နားဝင်ပီယံ သူ့လက်သံ
၅:၄၀ ၈။ **သစ်ဆိမ့်ဖူးစာ (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ကြည်စိုးထွန်း)**
၅:၅၅ ၉။ ဘိုင်းဒါးရေလှောင်တမံ
၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery
၇:၂၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း–၂၂)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း မိုးစက်တစ်ပွင့် (အပိုင်း–၁) (နိုင်းနိုင်း၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ–မောင်မောင်ဦး (စန်းရှိုက်)]**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

သီတဂူ ဆရာတော် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ (D.Litt.) အရှင်သူမြတ်၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲကို တပေါင်းလပြည့်၊ မတ် ၅ရက်(သောကြာနေ့) ည ၇နာရီတွင် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျှင်လမ်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပုသိမ်-မုံရွာလမ်းပိုင်း အဆင့်ဆင့်မွမ်းမံပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းတွင် ယန္တရားများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ်-မုံရွာလမ်းပိုင်း မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောအောင်လွင်က ဗိုလ်မြတ်ထွန်းတံတားရှိ ကမ်းပါးရေစား ကမ်းပြိုမှု ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှု၊ ပိုင်တိုင်များ ချထားပြီးစီးမှုအခြေအနေ၊ ရေလွှဲရေကာတာတည်ဆောက်နေမှုအခြေအနေ၊ ရေလမ်းကြောင်း စီးဆင်းနေမှုအခြေအနေ၊ သောင်တူးစက်ဖြင့် သောင်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးစိုးကျော်မိုးနှင့် တာဝန်ရှိသူများက ဗိုလ်မြတ်ထွန်းတံတားကြီးကို အပတ်စဉ်၊ လစဉ် စစ်ဆေးနေမှုအခြေအနေ၊ ကြံ့ခိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နေမှုအခြေအနေ၊ တံတားကြီးကို ရေရှည်ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ရမည့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တံတားကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် လိုအပ်သည့် စစ်ဆေးမှု၊ ပြုပြင်ထိန်းသိမ်းမှုများအား စီမံချက်ရေးဆွဲ၍ စနစ်တကျစစ်ဆေးထိန်းသိမ်းဆောင်ရွက်ကြရန်၊ ကမ်းပြိုမှု၊ ရေတိုက်စားမှုအခြေအနေများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်တကျကြိုတင်စီမံဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ကျောင်းကုန်းမြို့နယ် ရန်ကုန်-ကံကလေးလမ်းဆုံ၌ လမ်းအထူးအဖွဲ့(၁၆)က မွမ်းမံပြင်ဆင်နေသည့် ပုသိမ်-မုံရွာလမ်း(ကံကလေးအပိုင်း) မိုင်တိုင်အမှတ်(၃၀)နှင့် (၃၃)အတွင်းရှိ လမ်းအဆင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဒုတိယအင်ဂျင်နီယာချုပ်ဦးရဲမြင့်ဆွေနှင့် အင်ဂျင်နီယာမှူးကြီးဦးစိုးတင့်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည့် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်-မုံရွာလမ်းမကြီးအစဉ်ကောင်းမွန်တိုးတက်ရေး၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပုသိမ်-မုံရွာလမ်း

ထို့နောက် ပုသိမ်-မုံရွာလမ်း(ပုသိမ်-ဒါးက-သုံးခွ)လမ်းပိုင်း ၂၄ပေလမ်းတိုးချဲ့နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းလမ်းပိုင်းကို မူလအကျယ် ၁၂ ပေမှ ယခု ၂၄ပေအကျယ် လမ်းတိုးချဲ့၍ ကျောက်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံ တောင်သူလယ်သမားကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဒေသခံတောင်သူခြောက်ဦး စုပေါင်းစိုက်ပျိုးထားသော ၁၅၂ဧကရှိ သီးထပ်ရင် စံပြနွေစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား ယာယီရှင်းလင်းဆောင်၌ တိုင်းစိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဝင်းတို့က ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၏ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးသည့် အခြေအနေနှင့်ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဒေသနှင့် ကိုက်ညီ၍ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်သည့် နွေစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ နွေစပါးအထွက်တိုးရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

စိုက်ပျိုးပြီးစီး

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါး စိုက်ဧက ၆၁၁၅၂ စိုက်ပျိုးရန် လျာထားရာ ၄၆၆၁၃ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့တွင် ညအိပ်ရပ်နားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်း တာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးခင်မောင်ဝင်းက ချဉ်းကပ်တံတား (မရမ်းချောင်း) တည်ဆောက်ခြင်း၊ ချဉ်းကပ်တံတား (ကမ်းနီ) တည်ဆောက်ခြင်းနှင့် ပင်မတံတား တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ချဉ်းကပ်လမ်း တည်ဆောက်နေမှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရန် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ရှိပြီး ငဝန်မြစ်၏ အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့်အနောက်ဘက်ကမ်းနီကျေးရွာတို့ကို ဆက်သွယ်သည့် လမ်းကြောင်းပေါ်၌ တည်ရှိသည်။

လွယ်ကူလျင်မြန်

အဆိုပါ ပုသိမ်တံတားတည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ အပါအဝင် ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ် စသည့် ဒေသများသို့ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့်အပြင် ပင်လယ်ရေလုပ်ငန်း ထွက်ကုန်များ၊ လယ်ယာထွက်ကုန်များကို ရန်ကုန်မြို့နှင့်တကွ ဒေသအနှံ့အပြားသို့ ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်စွာ တင်ပို့ဆက်သွယ်သွားလာ နိုင်တော့မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၀၄ခုနှစ် ပထမအကြိမ် လေးလပတ် အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲ တွင်ဗဟန်းမြို့နယ် ဆရာစံလမ်းအမှတ်(၆၅)ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ယင်းစစ်တုရင်ပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ အသင်းရှစ်သင်း ပြိုင်ပွဲဝင်အားကစားသမား ၄၈ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို မတ်၉ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ချောက်မြို့ မဟာစည် ငွေရတု သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မကွေးတိုင်း ချောက်မြို့ အေးစေတီရပ် ဇမ္ဗူဒီပမဟာစည်ရိပ်သာ ကျောင်းတိုက်၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မတ် ၅ရက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်။

ဆက်လက်ပြီး ဧပြီ ၂၈ ရက်မှ မေ ၃ရက်အထိ ညစဉ် ၇နာရီ၌ အောင်တော်မူဆရာတော် (ရန်ကုန်)၊ စိန်စည်ဆရာတော် (ရန်ကုန်)၊ နိဂြောဓာရုံဆရာတော် (စစ်ကိုင်းအလွှကပ္ပ)၊ စမ်းမြသီတာ ဆရာတော်(မုံရွာ)၊ ရွှေမြန်မာဆရာတော်ဇမ္ဗူဒီပါ အရှင်ဝိစ္ဆာသိဒ္ဓိတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ အသီးသီးဟောကြားမည်ဖြစ်၍ လှူဖွယ်ပစ္စည်းများနှင့် ဓမ္မပူဇာအရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုပါက ဖုန်း ၀၁-၅၈၁၁၆၇၊ ၀၆၁-၂၁၃၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ပဲခူးတိုင်း(အနောက်ပိုင်း)၌ လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက် ညနေ၃နာရီတွင် ပြည်မြို့ မူယာပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ လာရောက်ရခြင်း အကြောင်းများနှင့် အဖွဲ့ချုပ်၏မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် အားမာန်အပြည့်နှင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေက ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင် လျှောက်ထားမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ယဉ်ကျေးမှု၊ အမျိုးသမီး ငယ်ရွယ်၊လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်က စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားဆက်သွယ်ရေး၊စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြီး ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နိုင်နိုင်မော်နှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနား တက်ရောက်သူများနှင့် ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စာဆိုတော်နေ့ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဓနိကုန်းမြို့နယ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီတွင် ဓနိကုန်းမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က အမှာစကား ပြောကြားသည်။

စာဆိုတော်နေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ ပျဉ်းမနားမောင်နီသင်း နှင့်အကယ်ဒမီဓာတ်ညွှန်းဆုရ ငြိမ်းမင်းတို့က ဟောပြောကြသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်း မြောင်းမြရိုင် မြောင်းမြရဲစခန်းမှ တပ်ဖွဲ့ဝင် များသည် ၂၀၀၃ခုနှစ် မတ် ၁၇ရက်တွင် သတင်းအရ မြောင်းမြမြို့ (၅)ရပ်ကွက် (၁၂) လမ်းနေ ဇော်မိုး(ခ) ဇော်မိုးဝင်း၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မြောင်းမြမြို့ (၅)ရပ်ကွက် (၁၂)လမ်းနေ ဦးလှအေး၏သား ဇော်မိုး(ခ) ဇော်မိုးဝင်းအား မြောင်းမြရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၃/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က) အရအမှုဖွင့်အရေးယူခဲ့သည်။

အမှုကို မြောင်းမြရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် တရားရုံးက တရားခံဇော်မိုးဝင်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရထောင်ဒဏ်၁၆နှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်၊ ပဲခူး မူးယစ်အထူးအဖွဲ့နှင့် ဖြူးရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃ရက်တွင် သတင်းအရ ကညွတ်ကွင်းမြို့ ဗိုလ်တဲရပ်ကွက်နေ ဘရမ်မဂျန်း၏ နေအိမ်ကိုဝင်ရောက်စစ်ဆေးရှာဖွေရာ ဆေးခြောက် (ဒသမ ၁၃၈၇)ကီလို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကညွတ်ကွင်းမြို့ ဗိုလ်တဲရပ်ကွက်နေ ဦးမူသီလ၏သား ဘရမ်မဂျန်းအား ဖြူးရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၃အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တောင်ငူခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ဇန်နဝါရီ ၂ရက်တွင် တရားခံဘရမ်မဂျန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်(၅)နှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)/၂၃အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ခဲ့ပြီး ပြစ်ဒဏ်နှစ်ရပ်အား တစ်ပေါင်းတည်းကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

ဗန်ကောက်ဆေးရုံကြီး မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဗန်ကောက်ဆေးရုံကြီး မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ရန်ကုန်ဆေးတက္ကသိုလ်(၁)ဆေးပညာဌာန ဌာနမှူး ပါမောက္ခဦးစောနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး**(အပေါ်ပုံ)** Bangkok Hospital, Bangkoke Heart Institute မှ Prof. Kiertijai Bhuripanyo၊ Dr. Sureerat Panyarachun နှင့် Bangkoke Hospital မှ Consultant of Neurosurgery, Dr. Dittapong Boonampolတို့က ရှင်းလင်းတင်ပြဆွေးနွေးကြသည်။ယင်းနောက် Sea Lion Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဝင်းဇော်အောင်က ဗန်ကောက် ဆေးရုံကြီး မြန်မာပြည်ရုံးခွဲနှင့် ပတ်သက်၍လည်းကောင်း၊ Bangkok Hospital မှ IMC Marketing Manager, Mr. Ralf Krewerက ဗန်ကောက်ဆေးရုံကြီးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ထား

ဗန်ကောက်ဆေးရုံကြီး မြန်မာပြည်ရုံးခွဲကို ရန်ကုန်မြို့၌ အမှတ်(၂၂၃) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၂၀၂၁၂၀၊ ၂၉၉၅၇၆ တို့၌လည်းကောင်း၊ မန္တလေးမြို့၌ အမှတ်(၃၀၀)၊ (၈၁)လမ်း၊ (၂၄လမ်းနှင့် ၂၅လမ်းကြား)၊ ဖုန်း-၀၂-၃၂၉၈၁၌ လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ဘိန်းဖြူနှင့်လက်နက်ခဲယမ်းများ ဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ် (အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ရက်က နက်ပြာရောင် မတ်ခ်တူး အမျိုးအစား (လိုင်စင်မဲ့)ယာဉ် အမှတ် (၂ခ/၉၂၈၇)ကို သတင်းအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ နန်းတော်ဂိတ်အနီး စတားခရီးသွားလာရေးရှေ့ ပြည်ထောင်စု လမ်းမကြီးပေါ်၌ စောင့်ဆိုင်း၍ ပိတ်ဆို့ဖမ်းဆီးစဉ်ယာဉ်မှာမောင်းနှင့်ထွက်ပြေးရန် ပြင်ဆင်သဖြင့် ကားဘီးအား သေနတ်ဖြင့် ပစ်ဖောက်ခဲ့ရာ ယာဉ်မောင်းမှာ တရုတ်နိုင်ငံ ကျယ်ကောင်ဘက်သို့ ထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်တွင် ပါရှိလာသူ ကွတ်ခိုင်မြို့နယ် ရွှကြာကြိုင်ကျေးရွာနေ ဦးရောက်စီ၏သား ဟော်ကွယ်ချမ်းနှင့် ကွတ်ခိုင်မြို့နယ် ပန်ဖိုက်ကျေးရွာ ဦးမိုဝင့်ချင်၏သား ငို့အယ်တို့နှစ်ဦးအား ဘိန်းဖြူဘလောက်တုံး ၇၄တုံး အလေးချိန် ၂၅ ဒသမ ၉ကီလို ၊လက်နက်မျိုးစုံသုံးလက်၊ ကျည်ကတ်မျိုးစုံခြောက်ခု၊ ကျည်မျိုးစုံ ၁၂၅ တောင့်၊ လက်ပစ်ဗုံးနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဟော်ကွယ်ချမ်းနှင့် ငို့အယ်တို့နှစ်ဦးအား ဘိန်းဖြူ ၂၅ဒသမ၉ကီလိုနှင့် လက်နက်ခဲယမ်းများနှင့်အတူ မူဆယ်၌ဖမ်းဆီးမိစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဆရာတော်ဦးဃောသိတတရားတော် **“မြန်မာပြည်သားအရှင်ပုဏ္ဏ”**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၄၀	၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychology of Communication (ဒုတိယနှစ်စိတ်ပညာ)
၅:၃၀	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဗန်တိုလုလေးနှင့်သုဇာ (အပိုင်း-၁) ဒါရိုက်တာအေဝမ်းမောင်လှမျိုး သရုပ်ဆောင်-အကယ်ဒမီညွန့်ဝင်း၊ ဒေစီကျော်ဝင်း**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ English Premier League ဘောလုံးပွဲ Arsenal VS Charton
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု တက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ ရန်ကုန်နှင့် မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ နံနက်ပိုင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ ခင်မောင်ဝင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးချုပ်ခင်အုန်း (အငြိမ်းစား) (သုတေသီ – ရာမညကိုကိုနိုင်)၊ ဒေါက်တာ ခင်မောင်ညွန့် (သမိုင်းပညာရှင်)တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာန နည်းပြ ဒေါ်အေးစန္ဒာအောင်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် သဘင်ပညာဌာန နည်းပြ ဒေါ်ဇင်မာဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး တွဲဖက်အခမ်းအနားမှူးက စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ဦးလှကြိုင်(ပါရဂူ)က "အရှေ့တိုင်းစာပေရသ" စာတမ်းကိုလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင် (မောင်အံ့၊ မဟာဝိဇ္ဇာဘုံဘော)က "ဗုဒ္ဓစာပေနှင့် မြန်မာစာပေဆိုင်ရာ ရသများ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် စာတမ်းဖတ်ပွဲ မွန်းလွဲပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗိုလ်မှူးချုပ်ခင်အုန်း (အငြိမ်းစား) သုတေသီ – ရာမညကိုကိုနိုင်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံအမှုဆောင်ကော်မတီအဖွဲ့ဝင် အငြိမ်းစား ပါမောက္ခ ဒေါ်ကြည်ကြည်လှနှင့် စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)တို့က ဆောင်ရွက်ကြပြီး တွဲဖက်အခမ်းအနားမှူးက စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ဦးကျော်စွာ (ချစ်ဦးညို) က "ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ" စာတမ်းကိုလည်းကောင်း၊ ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခ ဦးသိန်းဇံ (နန္ဒာသိန်းဇံ) က "အနောက်တိုင်းရသ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ ပထမနေ့ စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

အဆိုပါ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ မကွေးမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးတင်ထွန်း ဖုန်း–၅၁၃၂၆၂၊ ဦးအေးကို ဖုန်း–၆၈၁၁၁၃၊ ဦးမြင့်သိန်း ဖုန်း–၅၇၉၅၆၆၊ ဦးကြည်မောင် ဖုန်း–၅၇၈၃၁၅နှင့် ဦးသိန်းမော်ဦး ဖုန်း–၂၂၁၀၇၀တို့သို့ မတ် ၃ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အမှာစကားပြောကြား

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့်၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။ စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား၊ ကျောင်းသူ(အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်သည်။ (သတင်းစဉ်)

အသည်းချင်းပြိုင် ရင်ဆိုင်ထိုးသတ်မည့် လက်ဝှေ့ပွဲ

သိန်းလှိုင်မင်း တွေ့ဆုံတင်ပြသည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်း ပိုက်ကျော်ခြင်း အားကစားရုံမှာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ရန်ပုံငွေပွဲအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (ယနေ့)နှင့် ၂၉ရက်တို့မှာ ပြုလုပ်မှာဖြစ်ပါတယ်။

ဒီပွဲနဲ့ပတ်သက်ပြီး လက်ဝှေ့ရေးရာ ကျွမ်းကျင်သူ ရိုးရာအားကစားအဖွဲ့ချုပ်က ဒိုင်ချုပ် ဦးဒေါင်းနီနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

မေး။ ။ဦးဒေါင်းနီခင်ဗျာ၊ ယခုလုပ်မယ့်ပြေးခုန်ပစ်ရန်ပုံငွေ ရိုးရာလက်ဝှေ့ပွဲအပေါ် ရှုမြင်သုံးသပ်ပေးပါဦး။

ဖြေ။ ။အထူးပြောစရာမလိုပါဘူး၊ ခုပွဲက ပထမတန်း ကလေးတွေကို ပွဲတက်ပေးတဲ့ လက်ရည်စစ်ပွဲပါ။ ဒုတိယတန်းက လူတွေလဲ ပထမတန်းရောက်တာပေါ့၊

ပထမတန်း လက်ရည်စစ်ခံမည့် အာလီ၏ ထိုးဘက် လုံးချော(သူရဲကောင်း)။

ကြားပွဲကစားနေတဲ့ ကလေးတွေ တတိယတန်းရောက်သွားတာပေါ့၊ ဒီလိုပွဲမျိုးဟာ လိုအပ်ပါတယ်ဗျာ၊ မြန်မာ့ရိုးရာလက်ဝှေ့လောကရဲ့ စာမေးပွဲ တစ်ပွဲပေါ့ဗျာ။

မေး။ ။ဒီပွဲမှာ ကြည့်ထိုး၊ ညှိထိုးတွေပါဦးမလား။

ဖြေ။ ။ဒီပွဲမှာ ကြည့်ထိုး၊ ညှိထိုးလုပ်ရင် သူတို့တန်းပြုတ်ကုန်မှာပေါ့၊ မြန်မာ့ရိုးရာလက်ဝှေ့ရဲ့ လက်ရည်တက် လူရွေးပွဲပဲဗျာ။

မေး။ ။ဒါဖြင့် အလဲအကွဲထိုးမယ့် မောင်တွေလို့ဆိုတာပေါ့။

ဖြေ။ ။ဟုတ်ပါတယ်ဗျာ။

မေး။ ။ဒီလိုပွဲမျိုးက လက်ဝှေ့ ထိပ်သီးချန်ပီယံတွေကို မွေးထုတ်ခဲ့တာလား၊ လက်ရည်တက်ကလေးတွေ မွေးထုတ်ခဲ့တာလား။

ဖြေ။ ။အမှန်ပေါ့ဗျာ၊ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှာ တစ်ခါတစ်ရံ ပွဲလုပ်ဖို့အဆင်မပြေရင် တောတွေ၊ တောမြို့တွေ ဆင်းပြီး ပွဲကျင်းပကြရပါတယ်၊ ဒီတော့၊ ဒီတော၊ ဒီတောင်တွေက လူငယ်လက်ရည်တက်၊ ပွဲကြိုကလေးတွေ မွေးဖွားလာတာပေါ့ခင်ဗျာ။ မြန်မာ့လက်ဝှေ့စဉ်ဆက်မပြတ် တိုးတက်ဖို့ ဒီလိုပဲလူရှာရင်း ပွဲလုပ်ကြတာပါပဲ။

မေး။ ။အရင်ခေတ်တွေနဲ့ ကွာပုံပြောပါဦးဗျာ။

ဖြေ။ ။ဟိုတုန်းက စိန်ခေါ်ပွဲ၊ အလံလုပွဲတွေ ရှိပါတယ်၊ သုံးချီသုံးလား ထိုးခဲ့ကြရတယ်၊ ထိတယ် လဲကျတယ်ဆိုရင်တစ်လားပဲ၊ တစ်လားကို အချိန်ရယ်လို့ မသတ်မှတ်ပါဘူး။

အလံလုပွဲလဲ ဒီလိုပဲ၊ အလံလုပွဲက တစ်နယ်တစ်ယောက်ပဲ ပါဝင်ရတယ်၊လူပိုမရပါဘူး၊ အလံလုပွဲမှာ ရှစ်ဦးထိုးတယ်၊ လေးဆိုင်းပေါ့၊ လေးဦးအနိုင်၊ လေးဦးအရှုံးပေါ်လာတယ်၊ လေးဦးကို နှစ်ဆိုင်းခွဲ ပြန်ထိုးရတယ်၊ နှစ်ဦးပဲအနိုင်ပေါ်တယ်၊ ဒီနှစ်ဦးဗိုလ်လုပေါ့၊ နိုင်သူ ၁၀ ဆဆိုရင် ရှုံးသူ သုံးဆ ရပါတယ်။ သုံးချီး တစ်ချီးပေါ့ဗျာ၊ အဲဒီတုန်းက အရှုံးတွေကို ကြောက်ရှုံး၊ ကွဲရှုံး၊ သက်လုံရှုံး၊ မထနိုင်လို့ရှုံးဆိုပြီးရှိခဲ့တယ်။

မေး။ ။ဆရာကျားဘညိမ်းခေတ် ပြောပါဦးဗျာ။

ဖြေ။ ။ဆရာကျားလက်ထက်မှာ စိန်ခေါ်ပွဲ၊ အလံလုပွဲဆိုပြီး နှစ်မျိုးစလုံးကျင်းပခဲ့ပါတယ်၊ ခုအခါမှာတော့ စိန်ခေါ်ပွဲပေါ့ဗျာ။

မေး။ ။ဝမ်ချိုင်းတို့၊ ရှမ်းလေးသွေးတို့၊ ရွှေဆိုင်းတို့ ဘာကြောင့် သရေခဏခဏ ကျနေရတာလဲဗျာ။ အမှတ်ပေးလုပ်ရင်ကောဗျာ။

ဖြေ။ ။ရွှေဆိုင်း၊ ရှမ်းလေးသွေး၊ ဝမ်ချိုင်းတို့ အနိုင်အရှုံး ပွဲမပြတ်သလို ဝင်းထွန်း(သစ်တော)၊ ဒေါနပန်း၊ သူရဲအောင်စသဖြင့် ဒီကလေးတွေလဲ အနိုင်အရှုံးမပြတ်တာ မကြာခဏဖြစ်ပါတယ်၊ သူတို့ပွဲတွေကိုတော့ အမှတ်ပေးစနစ်နဲ့ ကစားလည်းကောင်းပါတယ်၊ အနိုင်အရှုံးပြတ်တာပေါ့ဗျာ၊ ကျွန်တော်က ရိုးရာမဟုတ်တဲ့ အမှတ်ပေးစနစ်ကို မကြိုက်ပါဘူး၊ ဟိုတုန်းက အမှားအမှန် သရုပ်ခွဲပေးတဲ့ ခုံဒိုင် သဘာပတိနဲ့ ခုံဒိုင်နှစ်ဦးမှ သုံးဦး၊ ကြိုးဝိုင်းဒိုင်က နှစ်ဦးပေါ့ဗျာ၊ ဒါကအလံပွဲ အလားပွဲတွေမှာ ဖြစ်ပါတယ်၊ ခုတော့ ကြိုးဝိုင်းဒိုင်တစ်ယောက်ထဲပေါ့၊ ဟိုတုန်းကကြိုးဝိုင်းဒိုင်က နှိပ်တတ်ရတယ်၊ ထိုးသားဒဏ်ရာရသွားရင်ပေါ့၊ လိုအပ်ရင်သူ့ဘက်လူ ကိုယ့်ဘက်လူကို ထိုးဖို့အထာပြပေးရတယ်၊ ပါးပုတ်တာတို့၊ ခေါင်းငဲ့ပေးတာတို့ စသည်ဖြင့်ပေါ့လေ။

ယနေ့ထိုးသတ်မယ့် ရန်ပုံငွေ ရိုးရာလက်ဝှေ့ပွဲဟာ လူငယ်လက်တက် အားကစားသမားလေးများရဲ့ ပွဲဖြစ်သလို အတန်းတက် ထိုးသတ်နိုင်ဖို့အတွက် လက်ရည်စစ်တဲ့ပွဲများလည်း ဖြစ်ပါတယ်။ ကြည့်ထိုး၊ ညှိထိုးပွဲများမဟုတ်ဘဲ အလဲအကွဲ အသည်းချင်းပြိုင် ရင်ဆိုင်ထိုးသတ်မယ့် ပွဲများလို့လဲ ဆိုရမှာဖြစ်ပါတယ်။

မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံသစ် ရွှေဆိုင်းနှင့် ချန်ပီယံ ဝမ်ချိုင်းတို့ကို စိန်ခေါ်ခြိမ်းခြောက်လာသည့် ပထမတန်းလက်ဝှေ့ကျော် သထုံသား အာလီ။

ယခုထိုးသတ်မယ့် ပွဲများမှာ ပထမနေ့တွင် စောဇော်လွင်(KLN)နှင့်ဒေါ့ဂျစ်(လယ်/ဆည်)၊ စောထိုက်စံ(သူရဲကောင်း)နှင့် ခွန်ထွန်းလွင် (တောင်ငူ)၊ အားမာန်(ရွှေရိုးရာ)နှင့် ပစ်တိုင်းထောင် (ဒိုက်ဦး)၊ နေစကြာ(ရွှေရိုးရာ)နှင့် ရွှေကရင်(ရွှေမြန်မာ)၊ သားစစ်နိုင်(ရွှေရိုးရာ) နှင့် နေဇော်(ရန်ကုန်)တို့က မညာတမ်း၊ မညာတမ်း ထိုးသတ်ယှဉ်ပြိုင်ကြပါမယ်။

ဒုတိယနေ့တွင် ကိုဦးလေး(မြို့တော်စည်ပင်)နှင့် မင်းထွန်းလေး(ရွှေရိုးရာ)၊ တိုက်ကျား(တွံတေး)နှင့် ဝမ်းစတား(ရွှေမြန်မာ)၊ သူရလင်းထွဋ် (ရွှေခါးပတ်ချန်ပီယံ၊ ဒေးဒရဲ)နှင့် တိုင်းနှင့်ပြည်နယ် ငွေတံဆိပ်ရ ကျားသစ်လေး(ပြွန်တန်ဆာ)၊ တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ရ စောအုန်းမြင့်(လယ်/ဆည်)နှင့် ရွှေကြယ်ဖြူ (ရွှေရိုးရာ)၊ ပထမတန်းလက်ဝှေ့ကျော် အာလီ(သထုံ)နှင့် လုံးချော(သူရဲကောင်း)တို့ ပါဝင်ပြီး အထူးကြားပွဲများ ပါရှိမည်ဟု သိရပါတယ်။ ။

လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးတွင် စံနမူနာပြဖြစ်အောင် ဆောင်ရွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၃ခုနှစ် ဒုတိယနှင့် တတိယ လေးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ တိုင်းတရားသူကြီး၊ တိုင်းဥပဒေအရာရှိ၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများ စုံညီစွာ တက်ရောက်ကြသည်။

ပေါင်းစပ်ဆောင်ရွက်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရာတွင်ဖြစ်စေ၊ စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအဖြစ် ကူးပြောင်းရာတွင်ဖြစ်စေ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်လာလျှင် မည်သည့်အချိန်ပင်ဖြစ်ဖြစ် ရန်ကုန်တိုင်းအနေဖြင့် ပေါ့ဆ၍မရသကဲ့သို့ သတင်းလက်ဦးမှု ရရှိရေးအတွက် ရပ်ကွက်အေးချမ်းသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း။

မှုခင်းကျဆင်းရေးတွင် ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၃ခုနှစ်အတွင်း မှုခင်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ၂၀၀၄ခုနှစ်တွင် လူသတ်မှု၊ မုဒိမ်းမှုနှင့် လုယက်မှုများ ကျဆင်းရေးကို သီးခြားစီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ လုံခြုံရေး၊ မှုခင်းကျဆင်းရေး၊ စည်းကမ်းသေဝပ်ရေးနှင့် သန့်ရှင်းသာယာလှပရေး ကဏ္ဍအားလုံးတို့တွင် စံနမူနာပြအကောင်းဆုံးဖြစ်အောင် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုအပိုင်းကို ယာဉ်ထိန်းရဲတပ်ဖွဲ့၏ တာဝန်သက်သက်ဟု သဘောမထားကြဘဲ သက်ဆိုင်ရာ ရဲစခန်းအပိုင်အလိုက် ရဲတပ်ဖွဲ့ဝင်များက ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် ရန်ကုန်မြို့တော်ကြီးကို ခေတ်မီပြီး သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးအဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်တွင် ရဲတပ်ဖွဲ့ဝင်များ အပိုင်းကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ပြည်သူတစ်ရပ်လုံးက လက်ခံယုံကြည်ပြီး နိုင်ငံတော်အကြီးအကဲလိုလား အားထားသော ရဲတပ်ဖွဲ့ဝင်ကောင်းများ ဖြစ်အောင် ပြုမူကျင့်ကြံ ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၃ခုနှစ် မှုခင်းဖြစ်ပွားမှုလျှော့ချနိုင်ခဲ့သည့်အတွက် ရရှိသည့်ဒိုင်းဆု၊ ၂၀၀၃ခုနှစ် မှုခင်းလျှော့ချနိုင်မှု ပထမဆုနှင့် ရဲတပ်သားသစ်စုဆောင်းမှု တတိယရရှိသည့် ဆုဖလားများအား တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပေးအပ်သည်။

(သတင်းစဉ်)

သံလွင်သဘော်ာ မော်လမြိုင်မြို့နှင့် ကော့သောင်းသို့ ပြေးဆွဲမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် သံလွင်သင်္ဘော ခရီးစဉ်အမှတ် (၉၇) သည် ရန်ကုန်၊မော်လမြိုင်၊ကော့သောင်း၊ မော်လမြိုင်-ရန်ကုန်ခရီးစဉ် ပြေးဆွဲမည်ဖြစ်သည်။ သံလွင်သင်္ဘောသည် ရန်ကုန်မှ မော်လမြိုင်၊ ကော့သောင်း ဆိပ်ကမ်းမြို့များသို့ မတ် ၇ရက် မွန်းလွဲ ၁နာရီခွဲတွင် ထွက်ခွာရန် စီစဉ်ထားသည်။

ရန်ကုန်မှ မော်လမြိုင်၊ ကော့သောင်း ခရီးစဉ်ဖြင့် လိုက်ပါလိုသည့် ခရီးသည်များသည် ခရီးသည် လက်မှတ်များကို ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသာကေတ ဆိပ်ခံတံတား၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်တွင် စတင်ရောင်းချမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း- ၅၄၃၂၁၀၊ ၅၄၃၂၁၁၊ ၅၄၃၂၁၂၊ ၅၄၅၅၆၃နှင့် ၅၄၅၅၇၁တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ်တွင် စက်ရေတွင်း ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ (၆) လမ်းရှိ စက်ရေတွင်းဖွင့်ပွဲကို ယမန်နေ့နံနက်က ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဌာနမှူးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇာလီဖုန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းညွန့်၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်သည် တာဝန်ရှိသူများ လိုက်ပါလျက် လမ်းမတော်မြို့နယ်၊ လသာမြို့နယ်အတွင်းရှိ လူသွားစင်္ကြံလမ်းများခင်းနေမှု၊ ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အောင်ရတနာလမ်း ကတ္တရာလမ်းချောခင်းနေမှု၊ လမ်းမတော်မြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသွားသည်။

(၁၉)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၃ ခုနှစ် ဒုတိယနှင့် တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရဲတပ်ဖွဲ့)

ထောက်ကြန့်ကလေးပြုစုရေးဌာနအတွက် ကလေးအိပ်ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ထောက်ကြန့်ကလေးပြုစုရေးဌာနရှိ ကလေးများအတွက် အိပ်ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ငွေလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ထောက်ကြန့် ကလေးပြုစုရေးဌာန ကလေးအိပ်ဆောင်သစ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အလှူရှင် အမေရိကန်နိုင်ငံနေ ဦးမြင့်ဝေက ကလေးအိပ်ဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးမြင့်ဝေနှင့် အဖွဲ့က ဆောက်လုပ်လှူဒါန်းသော ကလေးအိပ်ဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ၊ ဦးမောင်အေး(ခ) ရာမာဆာမိ၊ ဦးသိန်းရွှေ မိသားစုက ကလေးပြုစုရေးဌာန အသုံးပြုရန် စက်ရေတွင်းတစ်တွင်းအတွက် ငွေကျပ် ၃၅၀၀၀၀နှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ကလေးအဝတ်အထည်များ၊ Myanmar Japan Travels & Tours Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာသန်းက ငွေကျပ် ၁၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ရွှေတံဆိပ်ဆုချီးမြှင့်

သဃ်္ဃန်းကျွန်းမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဘက်စုံနှင့် ပညာရေးထူးချွန်သူကျောင်းသူ၊ ကျောင်းသားများအား ထူးချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က အထက(၁)၌ ပြုလုပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြခိုင်က ဘက်စုံထူးချွန်နှင့် ပညာရေးထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (၅၀၆)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၉-၂-၂၀၀၄)ရက်နေ့
၂၀၀၄ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့နှင့်
(၂၈-၃-၂၀၀၄)ရက်နေ့

နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ညှိနှိုင်းပူးပေါင်း၍ ၂၀၀၄ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများကို မတ် ၁၅ရက်မှ ဧပြီ ၉ရက်အထိ ရန်ကုန်မြို့တွင် သတ်မှတ်နေရာများ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ အခြေခံ အားကစားသင်တန်းများမှာ ဘောလုံး၊ ပြေးခုန်ပစ်၊ အလေးမ၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ သေနတ်ပစ်၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ဘော်လီဘော၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ လက်ဝှေ့၊ ဟော်ကီ၊ မြားပစ်၊ ဘိလိယက်နှင့် ရေကူးအားကစားနည်းများဖြစ်ပြီး အသေးစိတ်သိလိုပါက အောင်ဆန်းအားကစားပြိုင်ဝင်း လူထု/ပညာဌာနခွဲ ဖုန်း-၃၇၄၅၀၂သို့ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရေကူးအားကစားနည်းအတွက်မူ ရန်ကုန်ရေကူးအသင်း အမျိုးသားရေကူးကန်သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီ ဘုရားကြီးကိုးဆူတန်ဆောင်း အသစ်တည်ဆောက်ရေး ပန္နက်တော်တင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်ကြီးနှင့် အလွန်နီးကပ်စွာ တည်ရှိနေသော ဘုရားကြီးကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်းကျယ်ဝန်းစေရန် အသစ်ပြန်လည် တည်ဆောက်ခြင်းအတွက် ဘုရားကြီးကိုးဆူတန်ဆောင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ စေတီတော်၏ ရင်ပြင်တော်၌ ကျင်းပသည်။

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည် ပြင်ဆင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဗဟိုဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ တိုကြားဦးသန်းလှ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြန်မာမှုပညာရှင်များ၊ ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် စေတီတော်မြတ်ကြီးအား ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်၍ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ တိုကြားဦးသန်းလှက အသစ်ပြန်လည် တည်ဆောက်မည့် ဘုရားကြီးကိုးဆူတန်ဆောင်းပန္နက်တော်တင်မင်္ဂလာကျင်းပမည့်နေရာတွင်ပထဝီဇယမန္တန်ကို ရွတ်ဖတ်ပူဇော်သည်။

မင်္ဂလာအချိန်တွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပန္နက်တိုင်ကို စိုက်ထူရိုက်သွင်းပေးပြီး ပန္နက်တော်အား အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဘက်စုံပြန်လည်ပြင်ဆင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ပန္နက်တော်အား နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း ဘုရားကြီးကိုးဆူတန်ဆောင်းအသစ်ပြန်လည်တည်ဆောက်ရေးအတွက် ပန္နက်တင်အခမ်းအနားတွင် ပန္နက်ရိုက်ပေးစဉ်။ (သတင်းစဉ်)

နံနက်ပိုင်းတွင် ဗုဒ္ဓစက်တော်ရာ တန်ဆောင်း၌ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မိသားစုနှင့်ဝန်ထမ်းများက အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရေကြည် မြို့မအလက မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရေကြည် မြို့မအလကတွင် ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မြို့မအလက အမျိုးသားကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

၂၀၀၃ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူများ မတ် ၁၅ ရက်အထိ ပေးပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၃ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာထားပြီးဖြစ်သည်။

သို့ရာတွင် အရည်အသွေးရှိသည့် ကလောင်ရှင်များ၏ အကျိုးပြုစာပေလက်ရာများ ပိုမိုပေါ်ထွန်းလာစေရန်ရည်ရွယ်၍ စာမူလက်ခံရက်ကို တိုးမြှင့်လိုက်ရာ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၄ခုနှစ် မတ် ၁၅ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။

ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် တံဆိပ်ခေါင်းဖိုးငွေ ကျပ် ၄၀ပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်တွင်ပါရှိသည့်ဘာသာရပ်အလိုက် စာလုံးရေ ကန့်သတ်ချက်အတိုင်း ပြိုင်ပွဲ ဝင်နိုင်သည်။ ဘာသာပြန်စာမူအတွက် မကြာမီ ပြဌာန်းကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေစင်တိပိဋကကျောင်းတော် ရေစက်ချအလှူတော်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မင်းကွန်းတောင်ရိုး၊ တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက တိပိဋက = နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်းကွန်း တိပိဋကဓရ ဓမ္မနာဒ ရေအလှူတော်အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်တော်မူသော နဝမမြောက် ရွှေစင်တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၏ သက်တော်(၃၆)နှစ်ပြည့်ဝိဇာတမွေးနေ့ပူဇာ မင်္ဂလာနှင့် မင်းကွန်းတောင်ရိုး၊ တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး အတွင်း၌ မန္တလေးမြို့ မျက်ပါးရပ်နေ ကျောင်းဒါယကာကြီး ဦးသူတော်၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်စိန် မိသားစုတို့ ဆောက်လုပ်လှူဒါန်းသော "ရွှေစင်တိပိဋကကျောင်းတော်ကြီး"၏ ရေစက်ချ အလှူတော်မင်္ဂလာပွဲကို မင်းကွန်းတောင်ရိုး၊ တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး အတွင်း၌ တပေါင်းလပြည့်ကျော် ၁ရက်၊ မတ် ၆ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

(က-ပ)

မအူပင်ကျေးလက်လမ်း ဖောက်လုပ်မှု စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မအူပင်မြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရေလဲလမ်း ကတ္တရာလမ်းတိုးချဲ့ခင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အောင်ဟိတ်-ဆိပ်သာ ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးပါက အောင်ဟိတ်၊ ဆိပ်သာ၊ စစ်ချောင်း၊ ဘီးလင်းကျေးရွာအုပ်စုများသည် မအူပင်မြို့နှင့် တက္ကသိုလ်များသို့ လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသားသစ်များလက်ခံပြီ။

☎ 01-535151, 09-80-34549

Job Vacancy

၁ AGM (Marketing)(Mandalay) /(Yangon) ၂ ဦး
– Marketing Field
၂ Furniture Factory Manager ၁ ဦး
– Chipboard/Solid/Ply
၅ Accountant ၁ ဦး
– B.Com(or) LCCI Level (3)
– Work / Excel
၆ Marketing
၇ Assistant Brand Manager ၁ ဦး
၈ A.G.T.I (Civil) ၁ ဦး
– Estimate Survey
၉ Auto CAD 2D, 3D ၁ ဦး

(Manager Posts)

Christmas & New Year

အထူးအစီအစဉ်



SPRAY PAINT

Bosny Spray Paint အားဝယ်ယူအားပေးနေကြသော လူကြီးမင်းများ အတွက် ဗူးတိုင်းတွင် စက်ဘီး ကံစမ်းမဲများအား မေတ္တာလက်ဆောင်ထည့်ပေးထားပါသည်။

စက်ဘီး စီးရေ(၅၀၀) အား ယခုပေါက် ယခုထုတ်စနစ် ဖြင့် ကံစမ်းနိုင်ကြပါပြီ။

စည်းကမ်းချက် - ကံထူးရှင်မှ စက်ဘီးဆုလဲလှယ်ရာတွင် TWJS Co., Ltd၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။ ပေါက်မဲစာရွက်ပါ အမှတ်အသား ကိန်းဂဏန်းများ မသင်မရှားပျက်စီးစုတ်ပြဲခြင်း မရှိစေရ။

ကံစမ်းမဲကာလ - ၂၀-၁၁-၂၀၀၃ မှ ၂၀-၅-၂၀၀၄ အထိ။

ဆုမဲထုတ်ယူရန်နောက်ဆုံးရက် - ၃၀-၉-၂၀၀၄ အထိ။

စက်ဘီးကံထူးဆုအား အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများမှတဆင့် ထုတ်ယူနိုင်ပါသည်။

TWJS Co., Ltd

အမှတ်(၂၃)၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

Ph: 681805, 681806, 681883

Y.E.S. LANGUAGE CENTRE

ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15

Basic Spoken English FEB- 23, 28, MAR - 1

P.I.E & I.E FEB-23

Grammar Foundation Course FEB-23

SAT (I), SAT (II), AWC, VEC, TOEFL, IELTS

No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP,

စုံစမ်းရန်ဖုန်း - 245821

NEWCAMPUS LANGUAGE CENTRE

(ကလေးများအတွက် နွေရာသီ သုံးလသင်တန်း)

(သူငယ်တန်းမှ အဋ္ဌမတန်းအထိ)

- March(၈)ဖွင့်မည်။
- Basic English 4 skills, Computer
- ကလေးများအတွက် ပုံဆွဲ၊ သီချင်း၊ အက။

(၂၈)အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း

ဖုန်း- ၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ၀၉-၈၀-၂၁၇၈၁



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သမိုင်းဘာသာ သိကောင်းစရာ

၂၀၀၄ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် သမိုင်းဘာသာ သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မေးခွန်းပုံစံနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားပါမယ်။

သမိုင်းမေးခွန်းဟာ (၃)နာရီမေးခွန်းဖြစ်ပြီး အမှတ်(၁၀၀)ပေးမယ်။

သမိုင်းဘာသာရပ်မေးခွန်းမှာ အပိုင်းလေးပိုင်း ပါဝင်ပါတယ်။

အပိုင်း(က)၊အပိုင်း(ခ)၊ အပိုင်း(ဂ)နဲ့ အပိုင်း(ဃ)တို့ဖြစ်တယ်။

အပိုင်း(က)တွင် ဓမ္မဓိဋ္ဌာန်မေးခွန်း(၂၀) ပါဝင်ပါတယ်။ မြန်မာ့သမိုင်းမှ (၁၀)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၁၀)ပုဒ် ပါဝင်ပါတယ်။ ပေးမှတ်မှာ(၂၀)ဖြစ်တယ်။ မေးခွန်းအားလုံး ဖြေဆိုရပါမယ်။

အပိုင်း(ခ)ကတော့ မှတ်စုတိုပုံစံဖြစ်ပါတယ်။ ခြောက်ပုဒ်မေးပြီး လေးပုဒ်ဖြေဆိုရပါမယ်။ မြန်မာ့သမိုင်းမှ မှတ်စုတို သုံးပုဒ်၊ ကမ္ဘာ့သမိုင်းမှ မှတ်စုတို သုံးပုဒ်မေးပါမယ်။ ပေးမှတ်မှာ(၂၀)ဖြစ်တယ်။

အပိုင်း(ဂ)မှာ မေးခွန်းရှည်ပုံစံဖြစ်တယ်။ မြန်မာ့သမိုင်းမှ လေးပုဒ်မေးပါမယ်၊ နှစ်ပုဒ်ဖြေဆိုရမယ်။ တစ်ပုဒ်လျှင်(၁၅)မှတ်ဖြင့် စုစုပေါင်းအမှတ်(၃၀)ပေးမယ်။

အပိုင်း(ဃ)မှာလည်း မေးခွန်းရှည်ပုံစံဖြစ်တယ်။ ကမ္ဘာ့သမိုင်းမှ လေးပုဒ်မေးပါမယ်၊ နှစ်ပုဒ်ဖြေဆိုရပါမယ်။ တစ်ပုဒ်လျှင်(၁၅)မှတ်ဖြင့် စုစုပေါင်းအမှတ်(၃၀)ပေးမယ်။

ဆက်လက်ပြီး မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းတွင် နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု ဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ် အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့လိုအပ်ပါတယ်။ သမိုင်း ဘာသာရပ်တွင် ခုနှစ်သက္ကရာဇ် တိုင်းကို သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရှိရပါမယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် 'တို့ဗမာအစည်းအရုံး'၏ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး ဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေတွေကို လေ့လာတဲ့အခါမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဟူ၍ အပိုင်းလိုက်သိရှိရန် လိုအပ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာတွင် ၁၉၄၈-၁၉၅၈ခုနှစ်ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရ အုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို ဦးစားပေးလေ့လာရမှာဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့် အစိုးရရဲ့ အောင်မြင်မှုတွေကို ဦးစားပေးလေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီးပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို အလေးထား လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားပါတယ်။ ယေဘုယျအခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈မှ ယနေ့အထိ ကာလကိုလည်း လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ ဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာသင့်တယ်။ ဒီလို လေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရများလက်ထက် စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာသင့်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုတယ်။ ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်း ဟူ၍ နှစ်ပိုင်းရှိတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့ လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံဆိုပြီး ပိုင်းခြားလေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်၏ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက် ပေါ်ပေါက်ခဲ့တယ်။

အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာတယ်။

ဒုတိယကမ္ဘာဆစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့ လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်ထိပ်သီး အင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။ ဒုတိယကမ္ဘာစစ် အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယား စတဲ့နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပ နိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာ ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနဲ့ စစ်ရေး အကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

တစ်ဖက်မှာလည်း ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့ သာဓကတွေကတော့-

(၁) မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (NATO)

(၂) အန်ဇတ် (ANZUS)

(၃) အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)

(၄) ဗဂ္ဂဒက်စာချုပ်အဖွဲ့

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆောစစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက် ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလတွင်နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်း တွေကတော့-

(၁) ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု

(၂) ကိုရီးယားစစ်

(၃) စူးအက်အရေးအခင်း

(၄) ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စု ပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေဟာလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များ ဖြစ်တဲ့ အတွက် ဦးစားပေး လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကို လေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

အလားတူပဲ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း အလေးထားလေ့လာသင့်တယ်။ လေ့လာတဲ့အခါမှာ ၁၉၄၅ မှ ၁၉၅၂အထိ အသိမ်းပိုက်ခံကာလ အနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို နှိုင်းယှဉ် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှ ဒေသနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုဟူ၍ ခွဲခြားလေ့လာရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာတွင် အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် ဦးစားပေးလေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို အလေးထား လေ့လာရမှာဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့-

(၁) သမိုင်းဘာသာရပ်ကို လေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်၊

(၂) ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်၊

(၃) ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်၊

(၄) မေးခွန်းကို သေသေချာချာဖတ်ရန်၊

(၅) မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်ထွန်း[ဒုတိယဝန်ကြီး (အငြိမ်းစား)ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန]–ဒေါ်ခင်လှသန်းတို့၏သားလတ်

မောင်ရဲညွန့်ထွန်း B.A(Psychology), A.G.T.I(Civil)

MOT 2nd Class Part (A), 3/E Competency

3rd Engineer

A.P Moller Singapore Pte., Ltd. (MAERSK SEALAND)

နှင့်

ရန်ကုန်မြို့နေ (ဦးစန်းမြင့်)(ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန)–ဒေါ်လှမြင့်တို့၏သမီးကြီး

မမော်မော်ဦး B.Com., C.°P.°A

Head of Treasury

TOTAL Exploration & Production Myanmar

တို့၏ ၂၁–၂–၂၀၀၄ရက်တွင် Sedona Hotel၌ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေး၊ ကြွရောက်ချီးမြှင့်ပေးသော သူရဦးထွန်းတင်၏ဇနီး ဒေါ်မြင့်မြင့်သိန်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ပေးသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး၊ ၁၉–၂–၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး လက်ထပ်ပေး၍ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ TOTAL E & P Myanmarမှ အကြီးအကဲများ၊ မြစ်မခကုမ္ပဏီများအုပ်စု၏ ဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့်ဇနီး၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းရောင်းရင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မယဉ်နွယ်စိုး၊သတို့သား၊ သတို့သမီးအရံ မောင်မျိုးထွဋ်လင်းနှင့် မချိုဇင်အိ၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော မရတနာဦး၊ တေးဂီတကိုဇော်ဝင်းရှိန်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မရတနာ၊ မိတ်ကပ်ဆံပင် အလှဆင်ပေးသော အောင်အောင်နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော မစန်းစန်းဦး၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မေတ္တာစေတနာဖြင့် မင်္ဂလာလက်ဆောင်များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီပေးကြပါသော မရှင်နှင်းအေး၊ ကိုဇေယျာအောင်၊ ကိုနေမျိုးသန့်နှင့် Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်ရဲညွန့်ထွန်း–မမော်မော်ဦး။

အမည်မှန်

အဘ ဦးတင်ထွန်း၏သမီး မခိုင်ယဉ်ထွန်း [၁၄/ဟသတ(နိုင်)၂၂၈၄၆၅]၏ အမည်မှန်မှာ မခိုင်ယဉ်ဝေ ဖြစ်ပါကြောင်း။

အမည်ပြောင်းခြင်း

အမက–၁၂၊ စမ်းချောင်းမြို့နယ်၊ စတုတ္ထတန်းမှ အဘဦးထင်လင်းဦး၏သား မောင်ဇာနည်ထင်လင်းအား မောင်ဇော်ရဲထက်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခခ/၁၃၅၃ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

မင်္ဂလာလက်ထပ်ပွဲနှင့် ညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်၊ ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း၊ ခြံအမှတ်–I-9Bနေ ဦးစိုးညွန့် (Managing Director, First Victory Co.,Ltd.)–ဒေါ်တင်မျိုးဇော် (Director, First Victory Co.,Ltd.)တို့၏သားငယ်

မောင်စိုးသူရထွန်း နှင့်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စရည်းပင်လမ်း၊ ခြံအမှတ်–၃၄၈နေ ဦးမြတ်ထူး (Managing Director, Mobile Link Co.,Ltd.)–ဒေါ်မိမိအောင် (Director, Ei Thiri San Co.,Ltd.) တို့၏သမီးငယ်

မစုမြတ်သီရိ

တို့၏ ၁၄–၂–၂၀၀၄ရက် (စနေနေ့) စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်–ပန်းလှိုင်အိမ်ရာ၊ မင်္ဂလာအိမ်ဂေဟာတွင် မင်္ဂလာလက်ထပ်ပွဲကျင်းပပြုလုပ်စဉ် ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်လင်းမြင့်ရှေ့မှောက်တွင် မင်္ဂလာလက်မှတ်ရေးထိုးချီးမြှင့်ပေးသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်၊ ဝန်ထမ်းရွေးချယ်ရေးနှင့်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ အဖွဲ့ဝင်(ငြိမ်း) ဗိုလ်မှူးကြီးမောင်အုံးနှင့်ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂၂–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်နီနီ၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းချီးမြှင့်ပေးသော ဆီးနှင့်ကျောက်ကပ်ဌာန၊ ဌာနမှူးပါမောက္ခ ဒေါက်တာဦးသန်းအေးနှင့်ဇနီး သားဖွားနှင့်မီးယပ်ရောဂါပါရဂူ၊ ပါမောက္ခဒေါက်တာဒေါ်ခင်အုန်းချစ်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်သီချင်းသီဆိုပေးသော ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မခင်ချိုရည်ထွန်းနှင့်မပိုးအိဖြူ၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းတေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မေတ္တာဖြင့်ပန်းအလှဆင်ပေးသော (Mary Khaing Orchid)မှ ဦးဝင်းအောင်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မိတ်ကပ်စိုးစိုး၊ သတို့သမီးဝတ်စုံ ချုပ်လုပ်ဆင်မြန်းပေးသော မရတနာ၊ မေတ္တာဖြင့် ကူညီပေးသော သတို့သား၊ သတို့သမီးအရံသူငယ်ချင်းများအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ချစ်သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးသူရထွန်း–မစုမြတ်သီရိ။

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာမြို့တော်နှင်းဆီလမ်း၊ တိုက်အမှတ်(၁၁)၊ အခန်း(၀၉)၏ လက်ရှိပိုင်ရှင် ဦးထွန်းလင်း [၁၁/သတန(နိုင်)၀၅၀၅၆၁]နှင့် ဒေါ်ရီရီမြင့် [၁၁/သတန(နိုင်)၀၅၀၅၆၂]တို့၏ ယင်းအခန်းအတွက်ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်

ယုဇနစင်တာ No-130(တ)ထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊

ဖုန်း–၅၄၀၇၄၂။

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ၁၅/၆၊ ဝေဠုဝန်အိမ်ရာစခန်းနေ ဦးလှအောင် (Centre Manager, OSM Centre, United Engineering)–ဒေါ်စန်းစန်းအေး[Registrar (Retired) Cancer Registry, YGH]တို့၏သားကြီး

ဒေါက်တာဇော်မိုးအောင် M.B.,B.S(Ygn)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၀)၊ မြောင်းမြလမ်းနေ ဒေါက်တာကြည်ဦး–ဒေါက်တာ ဥမ္မာသွင်တို့၏သမီး

ဒေါက်တာ ဇင်မီဦး M.B.,B.S(Ygn)

တို့သည် ၁၂–၂–၂၀၀၄(ကြာသပတေးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာဇော်မိုးအောင်–ဒေါက်တာဇင်မီဦး။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၄ခုနှစ်၊ မတ်လ (၂)ရက်နေ့နှင့် (၅)ရက်၊ အင်္ဂါနေ့နှင့်သောကြာနေ့သည် တောင်သူလယ်သမားနေ့နှင့် တပေါင်းလပြည့်နေ့ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့များတွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။





ပရိမီယာကော်ဖီနှင့်တိုမိုခေါက်ဆွဲဖြန့်ဖြူးရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

စိမ်းလဲ့မြေစားသောက်ကုန်လုပ်ငန်းလီမိတက်၏ ပရီမီယာကော်ဖီနှင့် တိုမိုခေါက်ဆွဲဖြန့်ဖြူးရေးတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိကြောင်း လျှောက်လွှာခေါ်ယူအပ်ပါသည်။

၁။ Manager (Sales) ကျား (၁) ဦး

အမှတ်စဉ်(၁) ရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိသူ၊ အရောင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။ အရောင်းဆိုင်ရာလုပ်ငန်းစဉ်များကို ကောင်းမွန်စွာ စီမံခန့်ခွဲ၊ အုပ်ချုပ်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ Manager (Marketing) ကျား/မ (၁) ဦး

အမှတ်စဉ်(၂) ရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိသူ၊ Marketing နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။ ဈေးကွက်ရှာဖွေရေးကိစ္စများကို ကောင်းမွန်စွာ စီမံခန့်ခွဲ၊ အုပ်ချုပ်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ Accountant မ (၁) ဦး

အမှတ်စဉ်(၃)ရာထူးအတွက် B.Com ဘွဲ့ရရှိသူ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး LCCI Level 3 လက်မှတ်ရရှိထားသူဖြစ်ရမည်။ စာရင်းအင်းနှင့်ပတ်သက်၍ အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ စာရင်းသဘောတရားကို ကောင်းစွာနားလည်၊ ဆောင်ရွက်တတ်သူဖြစ်ရမည်။ Computer အသုံးပြုတတ်ပြီး Excel ကျွမ်းကျင်သူဖြစ်ရမည်။

၄။ Merchandiser ကျား (၁၁) ဦး

အမှတ်စဉ်(၄)အတွက် လျှောက်ထားသူများသည် မြစ်ကြီးနား၊ မူဆယ်၊ လားရှိုး၊ မော်လမြိုင်၊ မိတ္ထီလာ၊ မုံရွာ၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ ပုသိမ်၊ မြိတ်စသည့်မြို့ကြီးများတွင် မိမိအစီအစဉ်ဖြင့် သွားရောက်နေထိုင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနိမ့်ဆုံးပညာအရည်အချင်း (၁၀)တန်းအောင်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။ ဆက်ဆံရေးပြေပြစ် ကောင်းမွန်သူဖြစ်ရမည်။ ရောင်းဝယ်ရေးလုပ်ငန်းအတွေ့အကြုံရှိ၍ စာရင်းနားလည်သူဖြစ်ရမည်။ ကျန်းမာသန်စွမ်း၍ ခရီးသွားလာနိုင်သူဖြစ်ရမည်။ ဒေသခံများကို ဦးစားပေးမည်။

ရာထူးအားလုံးအတွက် လျှောက်ထားသူများသည် အသက်(၄၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်ကို လျှော့ပေါ့စဉ်းစားမည်။

အထက်ဖော်ပြပါ ရာထူးများအားလုံးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်စုံ၊ လုပ်ငန်းအတွေ့အကြုံ၊ အလုပ်သမားမှတ်ပုံတင် လက်မှတ်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ၊ ပတ်(စ်)ပို့ဓာတ်ပုံ(၂)၊ အခြားကျွမ်းကျင်မှုအတွက် အထောက်အထားများ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ/ တယ်လီဖုန်းအမှတ်စသည့် အချက်အလက်များကို ကိုယ်တိုင်ရေးလျှောက်လွှာတွင်ဖော်ပြ၍ အထောက်အထားမိတ္တူများကို ပူးတွဲလျက် ဤကြော်ငြာပါရှိသည့်နေ့မှ (၁)ပတ် အတွင်း အမှတ်(၁၀၈)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာ၊ (တယ်လီဖုန်းအမှတ်–၆၈၄၈၄၆၊ ၆၈၅၁၃၉၊ ၆၈၄၁၀၃)သို့ ပေးပို့ လျှောက်ထားရမည်။

Silver Seagull Travel Group

Air Bag
Restaurant
Hotel
Guide Service
Medical care

(Ext: 343)

Summer English Language 2004

Basic Course

Tel : 707373

SHINE AC.DC

"သကြိန်ကာလ ကံစမ်းမဲအထူးအစီအစဉ်"

Super One ကိုရှာဆဲကုန်တိုက်နှင့် ရွှေဘုံသာကုန်တိုက်တို့မှာ သင်္ကြန်ကာလကံစမ်းမဲအထူးအစီအစဉ်အဖြစ် (1.3.2004) မှ (3.5.2004) အထိ ဝယ်ယူသူမိတ်ဆွေများအား 29" TV၊ Sony Digital Audio Video CD (60 CD Changer)၊ အဝတ်လျှော်စက်၊ VCD စက်များအပါအဝင် ဆုမဲပေါင်း (၂၀) ကျော်ကို ကံစမ်းပေးမှာဖြစ်ပါသည်။ ဆုမဲများကို (10.5.2004) နေ့တွင် Computer ဖြင့်ရွေးချယ်ပေးမှာဖြစ်ပါသည်။ ကံထူးသူများစာရင်းကို (15.5.2004) နေ့တွင် ဆိုင်ခွဲများနှင့် သတင်းစာများတွင်ကြေငြာပေးပါမည်။ အသေးစိတ်အချက်အလက်များကို အောက်ပါ **Super One** ကုန်တိုက်များတွင်စုံစမ်းနိုင်ပါသည်။ အထားနှင့်အတူ ကံထူးရအောင် **Super One** ကို လာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါသည်။

- Super One ကိုရှာဆဲကုန်တိုက် - (၆၅) ဝေဠုဒေါင်ကန်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း - ၅၄၅၈၇၁၊ ၅၄၅၈၇၂၊ ၅၄၅၈၇၃
- Super One ရွှေဘုံသာကုန်တိုက် - (၃၉၇) ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း - ၂၅၁၂၆၈၊ ၂၅၁၂၆၉၊ ၂၄၁၀၂၂

ဈေးဝယ်ရင် စူပါဝမ်းမှာမှ စိတ်ချရပါတယ်။



ဆိုင်ဖွင့်ပွဲ၄နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

၃၆၁၊ ရွှေဘုံသာအထက်လမ်း။ 280458
၁၁၅၊ ပထမထပ်၊ ယုဇနပလာဇာ။

